# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## စီးပွားရေးသံမှူး သတင်းလွှာ

VOLUME-26 (12-2021)


**စီးပွားရေးသံမှူးများ
တာဝန်ထမ်းဆောင်သောနိုင်ငံများ**

India

USA

Belgium

Japan

China(Hong Kong)

Thailand

Singapore

Korea

China(Beijing)

China(Nanning)

China(Kunming)

South Africa

Australia

Germany

Brazil


**CONTACT US**

**ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတေသနဌာနခွဲ၊
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး
ဝန်ကြီးဌာန၊
ရုံးအမှတ်(၃)၊ဥတ္တရသီရိမြို့နယ်၊
နေပြည်တော်**

**ဖုန်း - 0673408624**
**0673408645**

**e-mail-tirnpt2020@gmail.com**


## ASEAN-Korea Startup Week အစီအစဉ်တွင် မြန်မာနိုင်ငံ၏ ထွန်းသစ်စ Startup ကုမ္ပဏီများက နှစ်နှစ်ဆက်တိုက်ဆုများ ဆွတ်ခူးရရှိခဲ့




**ပုံ။ (၁-၁၂-၂၀၂၁) ရက်နေ့ 2021 ASEAN-Korea Startup Week အစီအစဉ်၏ ဆုချီးမြှင့်ပွဲအခမ်းအနား**

2021 ASEAN-Korea Startup Week အစီအစဉ်ကို ကိုရီးယားသမ္မတနိုင်ငံ၊ ဆိုးလ်မြို့၌ အခြေပြု၍ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ (၂၉) ရက်နေ့မှ ဒီဇင်ဘာလ (၁) ရက်နေ့အထိ (Online + Offline) Hybrid Format စနစ်ဖြင့်ကျင်းပခဲ့ပါသည်။ အဆိုပါအစီအစဉ်ကို ASEAN-Korea Centre (AKC) နှင့် Gyeonggi Center for Creative Economy & Innovation (GCCEI) တို့မှ ပူးတွဲကြီးမှူး၍ ASEAN Secretariat (ASEC)၊ ASEAN Coordinating Committee on Micro, Small & Medium Enterprises (ACC MSME)၊ Gyeonggi Center for Creative Economy & Innovation (GCCEI)၊ Ministry of SMEs & Startups of ROK(MSS) တို့၏ပံ့ပိုးမှု၊ ဆိုးလ်မြို့ရှိ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ သံရုံးများ (ASEAN Embassies in Seoul-AES) ၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး၊ အာဆီယံ(၁၀) နိုင်ငံမှ E-trade၊ E-Commerce၊ E-tourism၊ Artificial Intelligence (AI)၊ လယ်ယာစိုက်ပျိုးရေး၊ ဘဏ္ဍာရေးနှင့် ပညာရေး ကဏ္ဍအသီးသီးမှ အဆိုပြု Startup ကုမ္ပဏီ (၂၉) ခုတို့ပါဝင်ခဲ့ကြသည့်အနက် မြန်မာနိုင်ငံမှ ကုမ္ပဏီ(၈)ခုပါဝင်ခဲ့ကာ၊ Startup Online Challenge ကို အဆင့်ဆင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး၊ တောင်ကိုရီးယားနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူများနှင့်လည်း Business Matching များကို ဆောင်ရွက်ခဲ့ကြပါသည်။ ထို့နောက် ဆု

ချီးမြှင့်ခြင်းအခမ်းအနား Award Ceremony ကို (၁-၁၂-၂၀၂၁) ရက်နေ့၊ ကိုရီးယားစံတော်ချိန် (၁၄:၀၀) နာရီမှ (၁၄:၃၀) နာရီအထိတွင် ဆိုးလ်မြို့၊ Mapo-Gu ရှိ DSM Art Hall ၌ ကျင်းပပြုလုပ်ခဲ့ရာ AKC ၏ အတွင်းရေးမှူးချုပ် H.E. Mr. Kim Hae-yong၊ AKC (Trade & Investment Unit) မှ တာဝန်ရှိသူများ၊ ဆိုးလ်မြို့ရှိ အာဆီယံသံရုံး အသီးသီးတို့မှ စီးပွားရေးသံမှူးများ တက်ရောက်ခဲ့ကြပါသည်။ နောက်ဆုံးအဆင့် အာဆီယံ Startup ကုမ္ပဏီ(၂၁)ခု ယှဉ်ပြိုင်ခွင့်ရရှိခဲ့သော Online Challenge ပြိုင်ပွဲ၌ ကုမ္ပဏီများ၏ တင်ပြမှုပေါ်တွင် သက်ဆိုင်ရာ အကဲဖြတ်ဘုတ်အဖွဲ့မှ စနစ်တကျစိစစ်အကဲဖြတ်၍ ပထမဆု(အမေရိကန်ဒေါ်လာ ၃၀,၀၀၀) (၁)ဦး၊ ဒုတိယဆု (အမေရိကန်ဒေါ်လာ ၁၀,၀၀၀) (၁)ဦးနှင့် တတိယဆု (အမေရိကန်ဒေါ်လာ ၅,၀၀၀ စီ) (၂) ဦး၊ စုစုပေါင်း(၄)ဦးကို ရွေးချယ်ချီးမြှင့်ခဲ့ရာ၊ မြန်မာနိုင်ငံမှ RecyGlo Co., Ltd. က "Making the World A Cleaner Place" ခေါင်းစဉ်ဖြင့် ၎င်းတို့ကုမ္ပဏီ၏ Solid Waste Management & Data Analytics Platform ၏ Business Model နှင့် Business Idea များအား မိတ်ဆက်တင်ပြယှဉ်ပြိုင်၍ တတိယဆု (အမေရိကန်ဒေါ်လာ ၅၀၀၀)ကို ထိုက်တန်စွာဆွတ်ခူးရရှိခဲ့ပါသည်။

အဆိုပါ Award Ceremony သို့ မြန်မာသံရုံး၊ ဆိုးလ်မြို့မှ စီးပွားရေးသံမှူးတက်ရောက်၍ တတိယဆုရရှိသူ ကိုယ်စား ဆုPosterကို လက်ခံရယူပေးခဲ့ကာ၊ ဆုကြေးငွေအား AKC မှ သက်ဆိုင်ရာ ဆုရရှိသူများထံသို့ တိုက်ရိုက်ပေးပို့ပေးသွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာ AKC တာဝန်ရှိသူထံမှ သိရှိရပါသည်။ ပထမဆုကို ကမ္ဘောဒီးယားနိုင်ငံမှ Jalat Logistics မှလည်းကောင်း၊ ဒုတိယဆုကို ထိုင်းနိုင်ငံမှ Eatlab က လည်းကောင်း၊ ပူးတွဲ တတိယဆုကို စင်ကာပူနိုင်ငံမှ Trabble က လည်းကောင်း အသီးသီးရရှိခဲ့ကြပါသည်။ မြန်မာနိုင်ငံ၏ ထွန်းသစ်စ Startup ကုမ္ပဏီများသည် 2021 ASEAN-Korea Startup Week အစီအစဉ်တွင်ပါဝင်ခြင်းဖြင့် ကိုရီးယားသမ္မတနိုင်ငံ၏ စီးပွားရေးလုပ်ငန်းရှင်များနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ICT အခြေပြုတက်သစ်စလုပ်ငန်းရှင်များအကြား လက်ရှိဖြစ်ပေါ်နေသော နည်းပညာဆိုင်ရာ သတင်းအချက်အလက်များကိုဖလှယ်နိုင်ခြင်း၊ ကိုရီးယားသမ္မတနိုင်ငံ၏ အတွေ့အကြုံများကို လေ့လာနိုင်ခြင်း၊ တောင်ကိုရီးယား ရင်းနှီးမြှုပ်နှံသူများနှင့် တိုက်ရိုက်ချိတ်ဆက်နိုင်ခြင်းဖြင့် စီးပွားရေး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများရရှိကာ အပြန်အလှန်လုပ်ငန်းများ တိုးတက်စေခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိခဲ့ကြပါသည်။ ဤအစီအစဉ်တွင် အာဆီယံနိုင်ငံများအကြား မြန်မာနိုင်ငံက (၂) နှစ်ဆက်တိုက် ဆုရရှိခဲ့ခြင်းဖြစ်ပြီး၊ ၂၀၂၀ ပြည့်နှစ်တွင် Village Link Co., Ltd. က "ပထမဆု" ရရှိခဲ့ကာ၊ ယခု ၂၀၂၁ ခုနှစ်တွင် RecyGlo Co., Ltd. က "တတိယဆု" ကို ရရှိခဲ့ခြင်းဖြစ်ပါသည်။ ယခုနှစ်တွင်လည်း 2021 ASEAN-Korea Startup Week အစီအစဉ်သို့ မြန်မာနိုင်ငံက ပါဝင်ယှဉ်ပြိုင်သည့် အဆိုပြုကုမ္ပဏီအများဆုံး ဖြစ်ခဲ့၍ လိုအပ်သကဲ့သို့ ပံ့ပိုးဆောင်ရွက်ပေးခဲ့ကြပါသော မြန်မာသံရုံး၊ ဆိုးလ်မြို့နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက တာဝန်ရှိသူများကို AKC က ကျေးဇူးတင်ရှိပါကြောင်း AKC၏ အတွင်းရေးမှူးချုပ်က မြန်မာသံရုံး၊ ဆိုးလ်မြို့၏ စီးပွားရေးသံမှူးသို့ သီးခြားဆွေးနွေးပြောကြားခဲ့ပါသည်။ အာဆီယံဒေသရှိ ထွန်းသစ်စ Startup လုပ်ငန်းများအား မြှင့်တင်ပေးသည့် အရှေ့တောင်အာရှဒေသရှိ Startup Unicorn များကို မွေးထုတ်ပေးရာ ဤ ASEAN-Korea Startup Week အစီအစဉ်တွင် မြန်မာနိုင်ငံမှ (၂)နှစ် ဆက်တိုက် ဆုရရှိခဲ့မှုအား ဂုဏ်ယူစွာဖြင့် တင်ပြလိုက်ရပါသည်။

Source: (စီးပွားရေးသံမှူး-ကိုရီးယား)

## ကိုဗစ်-၁၉ ကိုအံတုကာ စီးပွားရေးတိုးတက်ရန် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည့် တောင်ကိုရီးယားနိုင်ငံ



ကိုရီးယားသမ္မတနိုင်ငံ၊ ကုန်သွယ်မှု၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် ကိုရီးယားအကောက်ခွန် ဝန်ဆောင်မှုဌာနတို့မှ (၁-၁၂-၂၀၂၁) ရက်နေ့တွင် ထုတ်ပြန်သော ကုန်သွယ်မှုစာရင်းများအရ တောင်ကိုရီးယားနိုင်ငံသည် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် ပို့ကုန် အမေရိကန်ဒေါ်လာ (၆၀.၄၄၄) ဘီလီယံ၊ သွင်းကုန် အမေရိကန်ဒေါ်လာ (၅၇.၃၅၇) ဘီလီယံ၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ (၁၇၇.၈၀၁) ဘီလီယံ ဆောင်ရွက်နိုင်ခဲ့ရာ၊ ယခင်နှစ်ကာလတူထက် ပို့ကုန်တွင် (၃၂.၁) ရာခိုင်နှုန်းနှင့် သွင်းကုန်တွင် (၄၃.၆) ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး၊ ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ (၃.၀၈၇) ဘီလီယံ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှ နိုဝင်ဘာလ

(၃၀) ရက်နေ့အထိတွင် ပို့ကုန် အမေရိကန်ဒေါ်လာ (၅၈၃.၇၉၁) ဘီလီယံ၊ သွင်းကုန် အမေရိကန်ဒေါ်လာ (၅၅၃.၆၆၆) ဘီလီယံ၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ (၁၁၃၇.၄၅၇) ဘီလီယံ (သို့မဟုတ်) ၁ ထရီလီယံကျော် ဆောင်ရွက်နိုင်ခဲ့ပြီး ပို့ကုန်တွင် ယခင်နှစ်ကာလတူထက် (၂၆.၆) ရာခိုင်နှုန်း၊ သွင်းကုန်တွင် (၃၀.၉) ရာခိုင်နှုန်း၊ ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ (၃၀.၁၂၅) ဘီလီယံဖြင့် ကုန်သွယ်မှုတိုးတက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်းပြီးစီးမှုနှုန်း မြင့်မားလာသဖြင့် ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်မှုများကို အဆင့်လိုက်ဖြေလျှော့၍ (၃) လအတွင်း ပုံမှန်လူနေမှုဘဝသို့ ရောက်ရှိစေရေး "Living with Corona/ Return to Normal" စီမံကိန်း၏ ပထမအဆင့် (Phase I) ကို ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ(၁)ရက်နေ့တွင် စတင်လျက် လူမှုရေး၊ စီးပွားရေး၊ ခရီးသွားလာမှုစသည့် ကဏ္ဍစုံပြန်လည်ပွင့်လန်းတိုးတက်စေရေး အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပါသည်။ သို့ရာတွင် ကိုဗစ်-၁၉ နေ့စဉ်ကူးစက်မှုနှုန်းသည် ထိုသို့မဖြေလျှော့မီ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလနှောင်းပိုင်းတွင်(၂၀၀၀) ဦး ဝန်းကျင်ရှိခဲ့ရာမှ "Living with Corona" (Phase I) စီမံကိန်းကို စတင်ခဲ့ပြီးနောက် နိုဝင်ဘာလ၊ တတိယပတ်အတွင်းတွင် နေ့စဉ်ကူးစက်မှုနှုန်း (၄၀၀၀) ဦးကျော်ထိသို့ ရောက်ရှိ၍ အမြင့်ဆုံး စံချိန်တင်ခဲ့ပါသည်။

ထို့နောက် ကမ္ဘာတစ်လွှား၌ လျှင်မြန်စွာ ကူးစက်လျက်ရှိသော ကိုဗစ်-၁၉ ဗီဇကွဲ ဗိုင်းရပ်စ် "Omicron" သည်လည်း တောင်ကိုရီးယားနိုင်ငံတွင် ကူးစက်မှုကို စတင်တွေ့ရှိနေပြီဖြစ်ကြောင်း၊ အာဖရိကရှိ နိုင်ဂျီးရီးယားနိုင်ငံသို့ ခရီးထွက်၍ ပြန်လည်ရောက်ရှိလာသော အင်ချွန်းပြည်နယ်တွင် နေထိုင်သည့် အသက် (၄၀) ခန့်ဝန်းကျင်ရှိ တောင်ကိုရီးယားလူမျိုး ဇနီးမောင်နှံ (၂) ဦးထံတွင် စတင်စစ်ဆေးတွေ့ရှိခဲ့ကြောင်း၊ (၂-၁၂-၂၀၂၁) ရက်နေ့အထိ အဆိုပါ "Omicron" ဗိုင်းရပ်စ်ကူးစက်ခံရသူ (၅) ဦးထိရှိလာပြီဖြစ်ကြောင်း တောင်ကိုရီးယားကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်များ အရသိရှိရပါသည်။ ကိုဗစ်-၁၉နေ့စဉ်ကူးစက်မှုနှုန်းသည် (၁-၁၂-၂၀၂၁) ရက်နေ့တွင် (၅၁၂၃)ဦး၊ သေဆုံးမှု (၃၄)ဦး၊ (၂-၁၂-၂၀၂၁) ရက်နေ့တွင် (၅၂၆၆) ဦး၊ သေဆုံးသူ (၄၇)ဦးသို့ အသီးသီး ရောက်ရှိလျက်ရှိပြီး၊ ဆိုးလ်မြို့ရှိ ဆေးရုံများတွင် အထူးကြပ်မတ်ကုသဆောင်များ၌ (၉၀) ရာခိုင်နှုန်းကျော်သည် လူနာများပြည့်နေပြီဖြစ်ကြောင်း၊ အရေးပေါ် Quarantine Centre များကိုလည်းဖွင့်လှစ်ရလျက်ရှိကြောင်း လေ့လာသိရှိရပါသည်။ သို့ရာတွင် တောင်ကိုရီးယားနိုင်ငံ၊ သမ္မတမွန်ဂျေအင်းက လက်ရှိ "Living with Corona/ Return to Normal" စီမံကိန်းကို ရပ်တန့်မည်မဟုတ်ဘဲ အကောင်းဆုံးသော စီမံမှုများဖြင့်သာ ရှေ့ဆက်မည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ မျိုးကွဲ Omicron ကို ကာကွယ်နိုင်ရန် ကြိုတင်စီမံမှုများနှင့်အတူ Booster Dose ကာကွယ်ဆေးထိုးခြင်းကိုလည်း အရှိန်အဟုန်မြင့်တင်သွားမည်ဖြစ်ကြောင်း (၃၀-၁၁-၂၀၂၁) ရက်နေ့တွင် ရှင်းလင်းပြတ်သားစွာ ထုတ်ပြန်ကြေညာခဲ့ပြီးနောက် (၂-၁၂-၂၀၂၁) ရက်နေ့တွင် "အတိတ်ကို ပြန်လှည့်ခြင်းသည် ရွေးချယ်စရာနည်းလမ်းမဟုတ်" ဟု ထပ်လောင်း၍ အတည်ပြုပြောကြားခဲ့ပါသည်။ တောင်ကိုရီးယား ကျန်းမာရေးကဏ္ဍ၏ သက်ဆိုင်ရာ တာဝန်ရှိသူများကမူ Social Distancing စည်းမျဉ်းများ ချမှတ်သည့်နည်းလမ်းများကို ကျင့်သုံးလိုကြလျက်ရှိသည်ဟု ယူဆရပြီး၊ ကိုဗစ်-၁၉ စည်းမျဉ်းများ ဖြေလျှော့မှုစီမံကိန်း အပေါ် ဝေဖန်မှုများမြင့်တက်လျက်ရှိကြောင်း သတင်းများတွင် ဖော်ပြမှုအရ တွေ့ရှိရပါသည်။

"Omicron" ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူနှင့် ၎င်းတို့၏ ဆက်စပ် Contact အချို့ကို (၁-၁၂-၂၀၂၁) ရက်နေ့တွင် ဖော်ထုတ်ခဲ့ပြီးနောက် တောင်ကိုရီးယားနိုင်ငံသို့ ဝင်ရောက်မှုတွင် တင်းကျပ်သော ထိန်းချုပ်မှုများကိုလည်းအကောင်အထည် ဖော်လျက်ရှိကြောင်း၊ တောင်ကိုရီးယားနိုင်ငံသို့ ပြည်ပမှ ဆိုက်ရောက်လာသူအားလုံးသည် ၎င်းတို့၏ကာကွယ်ဆေးထိုးသည့် အခြေအနေ မည်သို့ပင်ရှိစေကာမူ (၁၀) ရက်ကြာ သီးသန့်ခွဲထားရန် လိုအပ်မည်ဖြစ်ပြီး ရောဂါပိုးတွေ့ရှိပါက ၎င်းတို့၏ နမူနာများကို မျိုးရိုးဗီဇခွဲခြားမှု စစ်ဆေးရန်လိုအပ်မည်ဖြစ်ကြောင်း၊ "Omicron" ဗိုင်းရပ်စ်ကူးစက်ခံရသော လူနာအချို့သည် ၎င်းတို့အား ရောဂါပိုးရှိကြောင်းအတည်မပြုရသေးမီ စစ်ဆေးဆဲကာလတွင် Quarantine မှကင်းလွတ်ခွင့်ပြုထားသောကြောင့် "Omicron" ဗိုင်းရပ်စ်သည် လူမှုအသိုက်အဝန်းအတွင်းတွင် ပျံ့နှံ့နေပြီးဖြစ်နိုင်သည်ဟု ကျန်းမာရေးအာဏာပိုင်များက ယူဆကြောင်း၊ လက်ရှိတွင် အဆိုပါဗိုင်းရပ်စ်ကူးစက်ထားသည့်လူနာများနှင့် နီးကပ်စွာထိတွေ့ဖူးသူ လူပေါင်းများစွာကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ တောင်ကိုရီးယားနိုင်ငံ၊ Catholic University ၏ အဏုဇီဝဗေဒ ပါမောက္ခ Dr. Paik Soon-young က "Omicron" ဗိုင်းရပ်စ်သည် ယခင်က ပျံ့နှံ့ခဲ့သော ကိုဗစ်-၁၉ မျိုးကွဲများထက် ပိုမိုပြင်းထန်သော ရောဂါဖြစ်စေနိုင်မှုကြောင့် ၎င်း၏ အကျိုး/အပြစ်ကို ကျွန်ုပ်တို့ကောင်းစွာနားမလည်သေးမီ အချိန်တွင် လိုအပ်သည့် ကြိုတင်ကာကွယ်မှုများပြုလုပ်ခြင်းသည် ပိုမိုသင့်လျော်ကြောင်း သုံးသပ်ထားပါသည်။ လက်ရှိတွင် ကိုရီးယားသမ္မတနိုင်ငံသည် နေ့စဉ်လူနေမှုဘဝတွင် ကိုဗစ်-၁၉ နှင့်အတူ ယှဉ်တွဲ နေထိုင်လျက် New Normal Life

အဖြစ် ပုံမှန်လူမှုစီးပွားရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် တိုးတက်ရေး ကုန်စည်ပြပွဲများနှင့်စီးပွားရေးရာ အခမ်းအနားများကို ရောဂါမကူးစက်စေရန် ကြိုတင်စီမံမှုများဖြင့် စနစ်တကျ ပြန်လည်ကျင်းပလျက်ရှိပြီး၊ ကိုဗစ်-၁၉ ကူးစက်မှုများ ပြန်လည်မြင့်တက်နေသည့်ကြားမှပင် ယင်းကိုအံတုရှ မူလရည်မှန်းချက်အတိုင်း ကျန်းမာရေးနှင့် စီးပွားရေးကို ဟန်ချက်ညီစွာတိုးတက်စေရေး အရှိန်အဟုန်မြင့်ကာ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ တောင်ကိုရီးယားနိုင်ငံရှိစျေးကွက် စီးပွားရေးရာမူဝါဒများကို လေ့လာသုံးသပ်သော အဖွဲ့အစည်းဖြစ်သည့် The Korea Capital Market Institute (KCMI)က တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်း (GDP Growth Rate) ကို ၂၀၂၁ ခုနှစ်အတွက် (၄) ရာခိုင်နှုန်းနှင့် ၂၀၂၂ ခုနှစ်အတွက် (၃.၂) ရာခိုင်နှုန်းခန့် တိုးတက်နိုင်မည်ဟု အသီးသီး ခန့်မှန်းထားပါသည်။ ထိုသို့ ပြန်လည်တိုးတက်မှု အရှိန်ရနေသည့် တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးအတွက် ကိုဗစ်မျိုးကွဲဗိုင်းရပ်စ် "Omicron" ကူးစက်ခြင်း စတင်တွေ့ရှိမှုနှင့် နေ့စဉ်ကိုဗစ်-၁၉ ကူးစက်မှုနှုန်းများစွာ မြင့်တက်လာခြင်းက လက်ရှိကာလအတွက် စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

Reference Data : Ministry of Trade, Industry and Energy of Korea Korea၊ Customs Service၊ Ministry of Health & Wealthfare၊ The Korea Herald (စီးပွားရေးသံမှူး-ကိုရီးယား)

## မိုးသည်းထန်မှုနှင့် ရေကြီးမှုများကြောင့် သီးနှံစိုက်ဧရိယာ ဟက်တာသိန်း ၅၀ ကျော် ထိခိုက်ပျက်စီးခဲ့ကြောင်း အိန္ဒိယဝန်ကြီးက ပြောကြား

အိန္ဒိယနိုင်ငံ၌ ၂၀၂၁-၂၂ သီးနှံစိုက်ပျိုးရေးနှစ်တွင် လက်ရှိကာလအထိ မိုးသည်းထန်စွာ ရွာသွန်းမှု၊ ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် နိုင်ငံတစ်ဝန်းရှိ သီးနှံစိုက်ခင်း ဧရိယာ ဟက်တာပေါင်း ၅၀.၄၀ သိန်း ထိခိုက်ပျက်စီးခဲ့ရကြောင်း အိန္ဒိယ စိုက်ပျိုးရေးနှင့် တောင်သူလယ်သမားများဖူလုံရေး ဝန်ကြီး နာရင်ဒရာဆင်းတိုမားက ၃၀-၁၁-၂၀၂၁ နေ့၌ လောဆာဘာလွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် ပြောကြားခဲ့ပါသည်။ ဝန်ကြီး နာရင်ဒရာဆင်းတိုမား၏ လောဆာဘာလွှတ်တော်သို့ စာဖြင့်ရေးသားတင်ပြချက်အရ ၂၅-၁၁-၂၀၂၁ နေ့အထိ ကာနာတကာပြည်နယ်၌ သီးနှံစိုက်ခင်း ဧရိယာဟက်တာ ၁၃.၉၈ သိန်းဖြင့် ထိခိုက်ပျက်စီးမှုအများဆုံး ကြုံတွေ့ခဲ့ရကြောင်း၊ ပြည်နယ်အလိုက် သီးနှံစိုက်ခင်းများ ထိခိုက်မှုမှာ အနောက်ဘင်္ဂလားပြည်နယ်တွင် ဟက်တာ ၆.၉၀ သိန်း၊ ရာဂျပ်စတန်ပြည်နယ်၌ ဟက်တာ ၆.၇၉ သိန်း၊ ဘီဟာပြည်နယ်တွင် ဟက်တာ ၅.၈၀ သိန်း၊ မဟာရဋ္ဌပြည်နယ်၌ ဟက်တာ ၄.၅၅ သိန်းနှင့် ဥတ္တာပရာဒေ့ရှ်ပြည်နယ်တွင် ဟက်တာ ၃.၆၁ သိန်း အသီးသီး ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရပါသည်။

ဝန်ကြီးနာရင်ဒရာဆင်းတိုမားက ထိုကဲ့သို့ သီးနှံစိုက်ခင်း ထိခိုက်ပျက်စီးမှုများအပေါ် သက်သာမှုရရှိစေရေး အတွက် နိုဝင်ဘာလ ၂၅ ရက်နေ့အထိ ပြည်နယ်သဘာဝဘေး အန္တရာယ်တုန့်ပြန်ရေး ရန်ပုံငွေ (SDRF) မှ ရူပီးငွေ ၈၈၇၃.၆၀ ကုဋေကို ကျခံသုံးစွဲခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါ SDRF ရန်ပုံငွေအပြင် အထောက်အပံ့များ ထပ်မံလိုအပ်ချက်ရှိပါက သဘာဝဘေးဒဏ် ပြင်းထန်စွာကြုံတွေ့ရမှုများအတွက် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့များ၏ အမှာစာဖြင့်တင်ပြချက်အပေါ် မူတည်၍ အတည်ပြုချက်ရယူလျက် အမျိုးသားသဘာဝဘေးအန္တရာယ်တုန့်ပြန်ရေးရန်ပုံငွေ (NDRF) မှ ထုတ်နှုတ်သုံးစွဲရန် စဉ်းစားထားရှိကြောင်း ပြောဆိုပါသည်။ သဘာဝဘေးဒဏ်ခံရသည့် ခရိုင်အလိုက် တောင်သူလယ်သမားများက ရယူထားသည့် စိုက်ပျိုးရေးချေးငွေများ ပြန်လည်ပေးဆပ်မှုအား လျှော့ပေါ့ သက်သာခွင့်ပြုရန် အစီအစဉ်ရှိ/မရှိ မေးမြန်းချက်အပေါ် ဗဟိုအစိုးရအနေဖြင့် ထိုသို့ဆောင်ရွက်ရန်မရှိကြောင်း ၎င်းကဖြေကြားခဲ့ပါသည်။ လက်ရှိကာလတွင် အိန္ဒိယစိုက်ပျိုးရေး သုတေသနကောင်စီ (ICAR) သည် မိုးသည်းထန်မှုနှင့်ရေကြီးမှုများကြောင့် သီးနှံစိုက်ဧရိယာ ထိခိုက်မှုကြုံတွေ့ရသည့် ဒေသများရှိ တောင်သူများအား ရေကြီးမှုအပေါ်ထိရောက်စွာကိုင်တွယ်စီမံခန့်ခွဲမှုဆိုင်ရာ ပညာပေးသင်တန်းများ ပို့ချပေးလျက်ရှိကြောင်း သိရှိရပါသည်။

Source: Agri crops in 50.40 lakh hectare hit due to heavy rains & floods so far this year: Narendra Singh Tomar, 30-11-2021, Economic Times (စီးပွားရေးသံမှူး-အိန္ဒိယ)

## အိန္ဒိယနိုင်ငံတွင် မိုးပိုမိုရွာသွန်းမှုများကြောင့် ပဲစင်းငုံအထွက်နှုန်း လျော့ကျဖွယ်ရှိ

အိန္ဒိယနိုင်ငံတွင် ၂၀၂၁-၂၂ ခုနှစ် သီးနှံရာသီကာလအတွင်း မိုးရွာသွန်းမှုအားကောင်းသည့်အပြင် မိုးလွန်ကာလ၌ပါ ရွာသွန်းမှုကြောင့် ကာနာတကာပြည်နယ်တွင် စိုက်ခင်းများ၏ ၅ ပုံ ၁ ခန့် ထိခိုက်ခဲ့ပြီး အန္တရာပရာဒေ့ရှ်၊ မဟာရဋ္ဌနှင့် ဂူဂျရတ်စသည့် ပြည်နယ်များတွင်လည်း မိုးပိုမိုရွာသွန်းမှုရှိသဖြင့် ယခုနှစ်ပဲစင်းငုံအထွက်နှုန်းမှာ လျော့ကျဖွယ်ရှိကြောင်း ကုန်သည်အသိုင်းအဝိုင်းက ပြောဆိုလျက်ရှိကြပါသည်။ ဌာနဆိုင်ရာ သတင်းအရင်းအမြစ်များအရ ကာနာတကာပြည်နယ်၌ ယခုနှစ်တွင် ပဲစင်းငုံဧရိယာ ဟက်တာ ၁၄.၅၅ သိန်း စိုက်

ပျိုးထားရှိရာ အဓိကခရိုင်များဖြစ်သော Kalaburgi နှင့် Bidar ဒေသများ၌ မိုးပိုမိုရွာသွန်းမှုများကြောင့် ဟက်တာ ၂.၉၁ သိန်းခန့် ထိခိုက်မှုဖြစ်ပေါ်ခဲ့ကြောင်း၊ နေရာဒေသအချို့တွင် အပင်ငယ်ရွယ်စဉ်အချိန်၌ ရေနစ်မြုပ်မှုကြောင့် ပျက်စီးမှုဖြစ်ပေါ်သကဲ့သို့ မကြာသေးမီက ရွာသွန်းသည့် မိုးများကြောင့် နောက်ကျစိုက်ပျိုးသည့် သီးနှံစိုက်ခင်းများမှာ အပွင့်ပွင့်ချိန်နှင့် အစေ့အိမ်တည်ချိန်တို့တွင် ထိခိုက်ပျက်စီးခဲ့ရကြောင်း၊ ယခုနှစ်၌ ပြည်နယ်အတွင်းရှိ တောင်သူများသည် ပဲစင်းငုံစိုက်ဧရိယာ လျာထားချက် ဟက်တာ ၁၄.၃ သိန်းကို ကျော်လွန်လျက် စိုက်ပျိုးနိုင်ခဲ့သော်လည်း Bagalkot, Koppal နှင့် Chikkaballapur ခရိုင်များတွင် စိုက်ခင်းများ၏ ၃၃% မှ ၅၅% အထိ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့ကြောင်းဖြင့် Hindu Business Line သတင်းဌာနက ဖော်ပြပါသည်။ Kalaburgi ခရိုင်ရှိ ကာနာတကာပရာဒေ့ရှ် ပဲစင်းငုံစိုက်ပျိုးသူများအသင်းမှ ဥက္ကဋ္ဌဖြစ်သူ Mr. Basavaraj Ingin က ယခုနှစ်သည် ပဲစင်းငုံစိုက်ပျိုးသူများအတွက် အောင်မြင်မှုမရသော ကာလပင်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေမှာ အလွန်အမင်းဆိုးရွားပြီး ၎င်းတို့အနေဖြင့် မည်သို့မျှ သီးနှံရိတ်သိမ်းရရှိနိုင်မည်မဟုတ်ကြောင်း၊ တောင်သူများအတွက် သည်းခံနိုင်ဖွယ် မရှိသော ဆုံးရှုံးမှုနှင့် ကြုံတွေ့ရခြင်းဖြစ်ကြောင်း ပြောဆိုပါသည်။

သို့ဖြစ်ရာ ကာနာတကာပြည်နယ်၏ ယခုနှစ် ပဲစင်းငုံထွက်ရှိနိုင်မှုမှာ မျှော်မှန်းထားသည့် ပမာဏကိုရရှိနိုင်မှု မရှိသကဲ့သို့ တစ်နိုင်ငံလုံး၏ ပဲစင်းငုံထွက်ရှိမှုကိုလည်း လျော့ကျစေဖွယ်ရှိပါသည်။ အစိုးရ၏စာရင်းများအရ ၂၀၂၁-၂၂ သီးနှံစိုက်ပျိုးရေးနှစ်တွင် နိုင်ငံတစ်ဝန်းလုံး၌ ပဲစင်းငုံစိုက်ပျိုးထားရှိမှုမှာ ဧရိယာဟက်တာ ၄၉.၈၃ သိန်းရှိပြီး ယခင်နှစ်ထက် ဟက်တာ ၁.၈၅ သိန်းခန့်ပိုမိုခဲ့ကြောင်း၊ အခြားသော ပဲစင်းငုံအဓိကစိုက်ပျိုးသည့် ပြည်နယ်များမှာ မဟာရဋ္ဌပြည်နယ်နှင့် မဒ္ဒရာပရာဒေ့ရှ်ပြည်နယ်တို့ဖြစ်ပြီး ဧရိယာဟက်တာ ၁၃.၂၃ သိန်းနှင့် ၄.၂၅ သိန်း အသီးသီး စိုက်ပျိုးထားကြောင်း သိရှိရသည်။ Kalaburgi ဒေသရှိ ပဲခွဲစက်နှင့် ပဲရောင်းဝယ်ရေးလုပ်ငန်းရှင် Mr. Santosh Langar က ယခုနှစ် ကာနာတကာပြည်နယ်၏ ပဲစင်းငုံထုတ်လုပ်မှုမှာ ၄၀% အထိ လျော့ကျနိုင်ကြောင်း၊ အချို့သောဒေသများတွင် ဒီဇင်ဘာလလယ်ပိုင်း၌ ရိတ်သိမ်းမှုလုပ်ငန်း စတင်ဆောင်ရွက်တော့မည် ဖြစ်သော်လည်း ပွဲတော်ရာသီကာလအတွင်း ဝယ်လိုအားနည်းပါးခဲ့မှုနှင့် ပြည်ပမှဆက်လက်တင်သွင်းခွင့် ရရှိနေမှုတို့ကြောင့် ပဲစင်းငုံဈေးနှုန်းများမှာအကျဘက်၌ တည်ငြိမ်လျက်ရှိကြောင်း ပြောကြားပါသည်။ Ahmedabad မြို့အခြေစိုက် Prakash Agro Mills ပဲခွဲစက်လုပ်ငန်းမှ အုပ်ချုပ်မှုဒါရိုက်တာ Mr. Punit Bachawat ကမူ ရာသီဥတုပြောင်းလဲလာသည့်ဖြစ်စဉ်က ယခုနှစ် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုအပေါ် ကြီးမားစွာ သက်ရောက်မှုဖြစ်စေခဲ့ကြောင်း၊ မဟာရဋ္ဌနှင့် ဂူဂျရတ်ပြည်နယ်များတွင်လည်း ပဲစင်းငုံစိုက်ခင်းများမှာ ၁၀% မှ ၁၅% အထိ ထိခိုက်မှုရှိခဲ့ကြောင်း၊ ကာနာတကာနှင့် အန္ဒရာပရာဒေ့ရှ် ပြည်နယ်များ၌ ပျက်စီးဆုံးရှုံးမှုများအပါအဝင် တစ်နိုင်ငံလုံး ပဲစင်းငုံထွက်ရှိမှုမှာ ၂၀% ခန့် လျော့ကျဖွယ်ရှိကြောင်း၊ ကုန်သည်များထံမှ တုန့်ပြန်ချက်များအရ ယခုနှစ် ပဲစင်းငုံတန်ချိန် ၂.၉ သန်းခန့် ထွက်ရှိနိုင်မည်ဟုခန့်မှန်းရကြောင်း၊ လက်ရှိကာလ၌ ကာနာတကာနှင့် အန္ဒရာပရာဒေ့ရှ် ပြည်နယ်တို့တွင် မိုးဆက်လက်ရွာသွန်းမှုရှိနေဆဲဖြစ်ကြောင်း ပြောဆိုပါသည်။ အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာနက ၂၀၂၁-၂၂ သီးနှံ စိုက်ပျိုးရေးနှစ်အတွက် ပထမအကြိမ် မိုးသီးနှံအထွက် ပမာဏကြိုတင်ခန့်မှန်းချက်အား ၂၁-၉-၂၀၂၁ နေ့၌ ထုတ်ပြန်ခဲ့ရာတွင် ယခင်နှစ်ထွက်ရှိခဲ့သော ပမာဏထက် တန်ချိန် ၀.၁၅ သန်း ပိုမိုလျက် ပဲစင်းငုံတန်ချိန် ၄.၄၃ သန်းအထိ ထွက်ရှိရန် ခန့်မှန်းထားသည်။ သို့ရာတွင် မိုးနှောင်းကာလနောက်ပိုင်း နိုင်ငံတစ်ဝန်း စိုက်ခင်းများထိခိုက်ပျက်စီးမှုကြောင့် ပဲစင်းငုံအထွက်လျော့နည်းပြီး ဈေးကွက်လိုအပ်ချက်အား ဖြည့်ဆည်းရန်အတွက် ပြည်ပမှဝယ်ယူတင်သွင်းမှုကို တိုးမြှင့်ဆောင်ရွက်ရဖွယ်ရှိပါသည်။

Source: Tur output set to shrink as excess rains hit crop in major States, 26-11-2021, The Hindu Business Line (စီးပွားရေးသံမှူး-အိန္ဒိယ)

## အိန္ဒိယနိုင်ငံ၌ နိုင်ငံတကာလေကြောင်းခရီးစဉ်များအား ၃၁-၁-၂၀၂၂ နေ့အထိ ဆိုင်းငံ့ထားမည်

အိန္ဒိယနိုင်ငံသို့ ဝင်/ထွက်သွားလာသည့် နိုင်ငံတကာခရီးသည်တင် လေကြောင်းခရီးစဉ်များ ပျံသန်းပြေးဆွဲခြင်းကို ၃၁-၁-၂၀၂၂ နေ့အထိ ဆက်လက်ဆိုင်းငံ့ထားမည်ဖြစ်သည်ဟု အိန္ဒိယမြို့ပြလေကြောင်း ညွှန်ကြားမှုဦးစီးဌာန (DGCA) က ၉-၁၂-၂၀၂၁ နေ့၌ ဖြန့်ဝေစာ ထုတ်ပြန်ကြေညာခဲ့ပါသည်။ သို့ရာတွင် ယခုကန့်သတ်ချက်သည် နိုင်ငံတကာလေကြောင်းကုန်စည်ပို့ဆောင်မှုနှင့် DGCA က အတည်ပြုထားပြီးဖြစ်သော ပြည်ပလေကြောင်းခရီးစဉ်များအပေါ် သက်ရောက်မှုရှိမည်မဟုတ်ကြောင်း၊ ကိစ္စရပ်တစ်ခုချင်းအလိုက် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ရွေးချယ်သတ်မှတ်သည့် လမ်းကြောင်းတွင် နိုင်ငံတကာလေကြောင်းခရီးစဉ် စီစဉ်ပျံသန်းမှုကို ခွင့်ပြုပေးနိုင်ကြောင်း ဖော်ပြထားပါသည်။ အိန္ဒိယနိုင်ငံ၌ နိုင်ငံတကာစီးပွားရေး လေကြောင်းခရီးများပျံသန်းမှုကို ကိုရိုနာ

ဗိုင်းရပ်စ်ကပ်ရောဂါဖြစ်ပွားသည့် ၂၀၂၀ ပြည့်နှစ် မတ်လမှ စတင်၍ ဆိုင်းငံ့ထားရှိခဲ့ခြင်းဖြစ်သည်။ ထို့နောက် ပြည်တွင်း၌ ကာကွယ်ဆေးထိုးနှံမှု အရှိန်မြင့်တက်လျက် ရောဂါကူးစက်မှု အခြေအနေတည်ငြိမ်မှု ရရှိလာသည့်အလျောက် နိုင်ငံတကာ ခရီးသည်တင် လေကြောင်းခရီးစဉ်များအား ဒီဇင်ဘာလ ၁၅ ရက်နေ့မှစတင်၍ ပြန်လည်ခွင့်ပြုမည်ဖြစ်ကြောင်း၊ အိန္ဒိယ ကျန်းမာရေးဝန်ကြီးဌာန၏ ကပ်ရောဂါ ဘေးအန္တရာယ်မြင့်မားမှု အဆင့်ခွဲခြားသတ်မှတ်ထားသည့် နိုင်ငံအလိုက် ခရီးသည်တင် လေကြောင်းခရီးစဉ်များ၏ လုပ်ကိုင်နိုင်ခွင့်ပမာဏကို သတ်မှတ်မည်ဖြစ်ကြောင်း အိန္ဒိယအစိုးရက ၂၆-၁၁-၂၀၂၁ နေ့၌ သတင်းထုတ်ပြန်ခဲ့သည်။ သို့သော် ကူးစက်မှုနှုန်းမြန်ဆန် မြင့်မားသည့် ကိုရိုနာဗိုင်းရပ်စ် မျိုးကွဲအသစ်ဖြစ်သော Omicron ၏ သက်ရောက်မှုအပေါ် စိုးရိမ်မှုများ မြင့်တက်လာမှုနှင့်အတူ နိုင်ငံတကာလေကြောင်းခရီးစဉ်များ ပုံမှန်ပြန်လည်ပြေးဆွဲမှု စတင်နိုင်မည့်နေ့ရက်ကို ပြန်လည်သတ်မှတ်မည်ဖြစ်ကြောင်း DGCA က ထပ်မံကြေညာချက် ထုတ်ပြန်၍ ဆိုင်းငံ့ခဲ့သည်။

မြို့ပြလေကြောင်းဝန်ကြီး Mr. Jyotiraditya Scindia က ရာဇျာဆာဘလွှတ်တော်သို့ တင်ပြရာ၌ ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးထိုးနှံမှုမှာ ကမ္ဘာတစ်ဝန်း၌ လွှမ်းခြုံနိုင်မှု ရှိလာသည့် အခြေအနေအရ နိုင်ငံတကာလေကြောင်း ခရီးစဉ်များ ပုံမှန်ပြန်လည်ပြေးဆွဲခွင့်ပြုရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့ရာတွင် ဗိုင်းရပ်စ်မျိုးကွဲအသစ် ထွက်ပေါ်လာမှုအပေါ် စိုးရိမ်ဖွယ်ရှိမှုအရ သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးမှုများလုပ်ဆောင်လျက် ၎င်းအစီအစဉ်နှင့် ပတ်သက်၍ ဆက်လက်လုပ်ဆောင်ခြင်းမပြုပဲ ကပ်ရောဂါအခြေအနေကို အနီးကပ်စောင့်ကြည့် လေ့လာလျက်ရှိကြောင်း ဖော်ပြခဲ့ပါသည်။ လက်ရှိကာလ၌ အိန္ဒိယအစိုးရသည် Vande Bharat ခေါ် ကယ်ဆယ်ရေး လေကြောင်းခရီးစဉ်များနှင့် Air Bubble သဘောတူညီချက် လက်မှတ်ရေးထိုးဆောင်ရွက်သည့် နိုင်ငံ ၃၂ ခု ထံသို့သာ အသွား/အပြန် လေကြောင်းခရီးစဉ်များ ပျံသန်းခွင့်ပြုလျက်ရှိကြောင်း သိရှိရသည်။

Source: DGCA suspends international flights till January 31, 2022, 9-12-2021, Economic Times (စီးပွားရေးသံမှူး-အိန္ဒိယ)

## အိန္ဒိယနှင့် ရုရှားနှစ်နိုင်ငံ မိတ်ဖက်ရင်းနှီးမြှုပ်နှံဆောင်ရွက်မှု တိုးမြှင့်မည်

အိန္ဒိယ-ရုရှား နှစ်နိုင်ငံခေါင်းဆောင်များ၏ ၂၁ ကြိမ်မြောက် နှစ်စဉ်ညီလာခံဆွေးနွေးပွဲကို ၆-၁၂-၂၀၂၁ နေ့၌ ကျင်းပရာ အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီနှင့်အတူ ၎င်း၏ ဖိတ်ကြားချက်အရ နယူးဒေလီမြို့သို့ အလုပ်သဘောခရီး ရောက်ရှိနေသည့် ရုရှားသမ္မတ ဗလာဒီမီယာပူတင်တို့ တက်ရောက်လျက် နှစ်နိုင်ငံ မိတ်ဖက်ရင်းနှီးမြှုပ်နှံမှု တိုးချဲ့ဆောင်ရွက်နိုင်မည့်ကဏ္ဍများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။ အဆိုပါညီလာခံ ဆွေးနွေးပွဲအပြီး ပူးတွဲသတင်းထုတ်ပြန်ရာ၌ နှစ်နိုင်ငံကုန်သွယ်မှုပမာဏမှာ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၂၀၂၁ ခုနှစ် ပထမနှစ်ဝက်အတွင်း ၃၈% တိုးတက်လာခဲ့ကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များသည် ၂၀၂၅ ခုနှစ်အရောက်တွင် နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံအထိ ရရှိရေးအတွက် ပိုမိုကြိုးပမ်းအားထုတ် ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ အိန္ဒိယနှင့် ဥရောပ-အာရှ စီးပွားရေးသမဂ္ဂတို့အကြား ကုန်သွယ်မှု သဘောတူညီချက် ဖော်ဆောင်နိုင်ရေးညှိနှိုင်းမှုများ စတင်လုပ်ဆောင်ရန် လိုအပ်လျက်ရှိမှုကိုလည်း အလေးပေးဆွေးနွေးခဲ့ကြကြောင်း၊ ဦးစားပေးကဏ္ဍစုံ၌ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများအတွက် ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံနည်းပညာနှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အိန္ဒိယ-ရုရှားအစိုးရကော်မရှင် (India-Russia Inter-Governmental Commission on Trade, Economic, Scientific, Technological and Cultural Cooperation) အောက်၌ နှစ်ဘက်ထိတွေ့ဆက်ဆံမှုများ ဆက်လက်လုပ်ဆောင်ရန် လိုအပ်မှုကိုလည်း အသိအမှတ်ပြုခဲ့ကြကြောင်း ဖော်ပြပါသည်။

အဆိုပါဆွေးနွေးပွဲ၌ အိန္ဒိယနိုင်ငံ၏ အရပ်ဘက်သင်္ဘောတည်ဆောက်ရေးနှင့် ပြည်တွင်းရေကြောင်းပို့ဆောင်မှု၊ သံမဏိ၊ ရေနံထွက်ကုန်နှင့် ဆေးပစ္စည်းကိရိယာများထုတ်လုပ်မှု၊ လယ်ယာထွက်ကုန် ပြုပြင်ထုတ်လုပ်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သတင်းအချက်အလက်နည်းပညာနှင့် ဘဏ်လုပ်ငန်းစသည့်ကဏ္ဍများတွင် ရုရှားလုပ်ငန်းရှင်များမှ ပူးပေါင်းပါဝင် ရင်းနှီးမြှုပ်နှံဆောင်ရွက်ရေး အိန္ဒိယနိုင်ငံဘက်မှ ဖိတ်ခေါ်ခဲ့ကြောင်း၊ အိန္ဒိယအစိုးရက ချမှတ်ဖော်ဆောင်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ရေး အစီအမံတစ်ရပ်ဖြစ်သည့် ကုန်ထုတ်လုပ်မှုမြှင့်တင်ရေး ချိတ်ဆက်အားပေးဆွဲဆောင်မှု Production-Linked Incentive (PLI) အစီအစဉ်အောက်ရှိ ကုန်ထုတ်လုပ်ငန်းကဏ္ဍ ၁၃ ခုတွင် ရုရှားကုမ္ပဏီများ အနေဖြင့် ပါဝင်လုပ်ကိုင်ရန် ဝန်ကြီးချုပ် မိုဒီက တိုက်တွန်းခဲ့ကြောင်း၊ နှစ်နိုင်ငံ အမျိုးသားငွေပေးချေမှု အခြေခံအဆောက်အအုံ စနစ်အတွင်း အိန္ဒိယ RuPay ကတ်နှင့် ရုရှား MIR ကတ်တို့ကို လက်ခံအသိအမှတ်ပြုလျက် အိန္ဒိယ၏ ပေါင်းစည်းငွေပေးချေမှုစနစ် (UPI) နှင့် ရုရှား၏ လျင်မြန်စွာငွေပေးချေမှုစနစ် (FPS)

တို့ကို အပြန်အလှန် ချိတ်ဆက်နိုင်ရေး ညှိနှိုင်းဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်ရန် စိတ်ဝင်စားမှုရှိသည်ကို ဝန်ကြီးချုပ် မိုဒီနှင့် သမ္မတပူတင်တို့က ဖော်ပြခဲ့ကြကြောင်း၊ ဘဏ်လုပ်ငန်း အချင်းချင်းအကြား ငွေပေးချေမှု လွယ်ကူချောမွေ့စေရေး ရုရှားဗဟိုဘဏ်၏ ဘဏ္ဍာငွေကြေးဆိုင်ရာ သတင်းအချက်အလက်ပေးပို့မှုစနစ်သို့ အိန္ဒိယငွေကြေးအဖွဲ့အစည်းများက ပါဝင်ချိတ်ဆက်ဆောင်ရွက်ရန် ရုရှားနိုင်ငံဘက်မှ ဖိတ်ခေါ်ခဲ့ကြောင်း၊ စွမ်းအင်၊ ထောက်ပံ့ပို့ဆောင်မှု၊ ပင်လယ်ရေကြောင်းကွန်ယက် ဆက်သွယ်မှု၊ ဆေးဝါးနှင့် ကျန်းမာရေးစောင့်ရှောက်မှု၊ ခရီးသွားလုပ်ငန်း၊ သစ်တောထုတ်ကုန်စသည့် လုပ်ငန်းများအား ရုရှားနိုင်ငံ အရှေ့ဖျားဒေသ၌ ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကဏ္ဍများအဖြစ် ဖော်ထုတ်သတ်မှတ်ခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် မြောက်ပင်လယ်ခရီးလမ်းကြောင်း (Northern Sea route) တွင် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားမှုရှိသကဲ့သို့ နိုင်ငံတကာနေရောင်ခြည်စွမ်းအင် မဟာမိတ်အဖွဲ့ (International Solar Alliance) နှင့် သဘာဝဘေးဒဏ်တွန်းလှန်မှု အခြေခံအဆောက်အအုံ ပူးပေါင်းအဖွဲ့ (Coalition for Disaster Resilient Infrastructure) တို့တွင် ရုရှားနိုင်ငံက ပူးပေါင်းပါဝင်လာစေရေး ဆန္ဒရှိသည်ကိုလည်း ဖော်ပြခဲ့ကြောင်း သိရှိရပါသည်။

ထိုကဲ့သို့ ညီလာခံဆွေးနွေးပွဲကျင်းပမှုနှင့်အတူ အိန္ဒိယနှင့် ရုရှားနှစ်နိုင်ငံအကြား သိပ္ပံနည်းပညာနှင့် တီထွင်ဆန်းသစ်မှု၊ ဉာဏပစ္စည်းပိုင်ဆိုင်မှု၊ စစ်ဘက်ရေးရာနည်းပညာ၊ ဘူမိသိပ္ပံနည်းပညာ၊ ကုန်သွယ်ရေကြောင်းဆိုင်ရာ သဘောတူညီချက်အားပြင်ဆင်ရန် လုပ်နည်းသတ်မှတ်မှု၊ ယဉ်ကျေးမှုပွဲတော်များ ကျင်းပမှုနှင့် ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်၊ အာကာသယာဉ်လွှတ်တင်မှုနှင့် မြေပြင်အခြေခံအဆောက်အအုံတည်ဆောက်ရေး သုတေသနဆောင်ရွက်မှု၊ ရုရှားနိုင်ငံအတွင်း အိန္ဒိယကောင်စစ်ဝန်ရုံးများ ဖွင့်လှစ်ရေးမြေနေရာချထားမှုနှင့် ဗလာဒီဗော့စတော့မြို့၌ အိန္ဒိယကောင်စစ်ဝန်ချုပ်နေအိမ်ဆောက်လုပ်မှု စသည့်နယ်ပယ်များနှင့် သက်ဆိုင်သော အစိုးရချင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ ၉ စောင်ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ထို့အပြင် နှစ်နိုင်ငံရှိ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ကုမ္ပဏီလုပ်ငန်းများအကြား အီလက်ထရွန်းနစ်၊ လျှပ်စစ်စွမ်းအား၊ ရေနံထွက်ကုန်၊ သံမဏိထုတ်ကုန်၊ ကျန်းမာရေး၊ ပညာရေး၊ လူစွမ်းအားအရင်းအမြစ်နှင့် ကုန်သွယ်ရေးစသည့်ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာ ၁၉ စောင်ကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း သိရှိရသည်။

Source: 1. Modi, Putin push investments in shipbuilding, steel, petrochemicals to boost eco ties, 7-12-2021, Economic Times

2. India– Russia Joint Statement following the visit of the President of the Russian Federation, 6-12-2021, Ministry of External Affairs of India (စီးပွားရေးသံမှူး-အိန္ဒိယ)

## ထိုင်းနိုင်ငံတွင် ပြည်ပတင်ပို့သူများအနေဖြင့်ပိုမိုအားကောင်း ခိုင်မာသောပို့ကုန်တိုးတက်မှုကိုမျှော်လင့်လျှက်ရှိ

ကုန်သွယ်ဖက်နိုင်ငံများ၏ စီးပွားရေးပြန်လည်ဦးမော့လာမှုကြောင့် နိုင်ငံ၏ပို့ကုန်တင်ပို့မှုအနေဖြင့် လာမည့်နှစ်တွင် (၈%) အထိတိုးတက်နိုင်ကြောင်း ထိုင်းသင်္ဘောတင်အုပ်စုက ယုံကြည်လျှက်ရှိနေကြောင်း၊ သို့ရာတွင်အသစ် ပျံ့နှံ့လျှက်ရှိသော အိုမီခရွန်ဗိုင်းရပ်စ်ပျံ့နှံ့မှု၊ ကုန်ထုတ်လုပ်မှုတွင် လုပ်သားရှားပါးမှု၊ ကုန်စည်ပို့ဆောင်ခမြင့်မားမှု၊ သင်္ဘောတင်နေရာနှင့် ကွန်တိန်နာမလုံလောက်မှု၊ လန်ချာဘန်နှင့်ဗန်ကောက်ဆိပ်ကမ်းများတွင် ပိတ်ဆို့မှုစသည့်စိန်ခေါ်မှုများလည်း ရှိနေကြောင်းသိရှိရပါသည်။ ထိုင်းအမျိုးသား သင်္ဘောတင်ကောင်စီ (TNSC) ဥက္ကဋ္ဌ Chaichan Chareonsuk က အဆိုပါအုပ်စုအနေဖြင့်လာမည့်နှစ်တွင် ထိုင်းပို့ကုန်များတင်ပို့မှု အနေဖြင့် (၅%) မှ (၈%) တိုးတက်ရန်မျှော်လင့်လျှက်ရှိကြောင်း၊ သက်ဆိုင်ရာ တာဝန်ရှိဌာနဆိုင်ရာများအနေဖြင့် စိန်ခေါ်မှုများကို ကိုင်တွယ်ဆောင်ရွက်နိုင်မည်ဆိုပါက (၈%) တိုးတက်မှုမှာ ဖြစ်နိုင်ကြောင်းပြောကြားခဲ့ပါသည်။ အဆိုပါအုပ်စုအနေဖြင့် ထိုင်းစီးပွားရေးကို မထိခိုက်စေရန်အတွက် တည်ငြိမ်သော ငွေလဲနှုန်းကိုထိန်းသိမ်းထားပေးရန်၊ နိုင်ငံခြားအလုပ်သမားများ စီမံခန့်ခွဲရေးအတွက် တစ်နေရာတည်းတွင် အပြီးဆောင်ရွက်ပေးသည့် One Stop Service Centre ကို ထူထောင်ပေးရန် အစိုးရကိုတောင်းဆိုထားကြောင်း သိရှိရပါသည်။

TNSC အနေဖြင့် ယခုနှစ်ပထမ(၁၀)လ၏ ခိုင်မာသော ရလဒ်များကြောင့် ယခင်လက ခန့်မှန်းခဲ့သည့် ယခုနှစ်အတွက် ပို့ကုန်တိုးတက်မှု (၁၃%-၁၄%) အား (၁၅%) သို့ မြှင့်တင်ခဲ့ကြောင်း သိရှိရပါသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အောက်တိုဘာလတွင် အကောက်ခွန် ရှင်းလင်းပြီးပို့ကုန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ(၂၂.၇) ဘီလီယံရှိပြီး (၁၂.၉၈%) တိုးတက်ခဲ့ကြောင်း၊ သွင်းကုန်တင်သွင်းမှုမှာလည်း (၃၄.၆%) တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ (၂၃.၁၀) ဘီလီယံရှိကြောင်း၊ ရလဒ်အနေဖြင့် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ(၃၇၀) သန်းရှိခဲ့ကြောင်း အစီရင်ခံတင်ပြခဲ့ပါသည်။ ပို့ကုန်တိုးတက်မှုမှာ (၈) လမြောက်ဆက်

တိုက်ပို့ကုန်တိုးတက်မှုဖြစ်ကြောင်း၊ ဖေဖော်ဝါရီလတွင်ပို့ကုန် (၂.၅၉%) ကျဆင်းခဲ့ပြီးသည့်နောက်၊ မတ်လတွင်(၈.၄၇%)၊ ဧပြီတွင်(၁၃.၁%)၊ မေလတွင်(၄၁.၆%)နှင့် ဇွန်လတွင်(၄၃.၈%)၊ ဇူလိုင်လတွင်(၂၀.၃%)၊ ဩဂုတ်လတွင် (၈.၃၉%)၊ စက်တင်ဘာလတွင် (၁၇.၁%) တိုးတက်ခဲ့ပြီးနောက် အောက်တိုဘာလတွင်(၈)လမြောက်အဖြစ် ဆက်တိုက်တိုးတက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ရွှေရေနံနှင့်ဆက်စပ်ပစ္စည်းများနှင့် လက်နက်တို့မပါဝင်ဘဲ အခြားပို့ကုန်ပစ္စည်းများတင်ပို့မှုအနေဖြင့် ဩဂုတ်လတွင်(၁၉.၄%)နှင့် စက်တင်ဘာလတွင်(၁၄.၈%) တိုးတက်ခဲ့ပြီးနောက် အောက်တိုဘာလတွင် (၁၂.၂%) တိုးတက်ခဲ့ကြောင်း သိရှိရပါသည်။ ယခုနှစ်ပထမ (၁၀) လအတွက် ပို့ကုန်တင်ပို့မှုမှာ (၁၅.၇%) တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ (၂၂၃) ဘီလီယံရရှိခဲ့ပြီး သွင်းကုန်တင်သွင်းမှုမှာ (၃၁.၃%) တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ (၂၂၁) ဘီလီယံရှိခဲ့ကြောင်း၊ ရလဒ်အနေဖြင့် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ(၁.၆၄) ဘီလီယံရှိခဲ့ကြောင်းသိရှိရပါသည်။

Source: Bangkok Post (စီးပွားရေးသံမှူး-ထိုင်း)

## ဟောင်ကောင်ဒေသ စီးပွားရေးပြန်လည်နာလန်ထူရန် ကိုဗစ်-၁၉ ကူးစက်မှု ထိန်းချုပ်မှုဆိုင်ရာ ကန့်သတ်ချက်များဖြေလျှော့ရန် စီးပွားရေးလုပ်ငန်းများမှ တောင်းဆို

ဟောင်ကောင်ဒေသ၌ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ဆိုင်ရာကန့်သတ်ထိန်းချုပ်မှုများဖြစ်သည့် အချင်းချင်း ခပ်ခွာခွာနေထိုင်ရန် ဖြေလျှော့ပြီးနောက် စီးပွားရေးလုပ်ငန်းများဆိုင်ရာ အခမ်းအနားများ၊ ပြပွဲများအား လူပုဂ္ဂိုလ်များ ကိုယ်တိုင်တက်ရောက်လျက်ရှိခြင်းမှာ ကမ္ဘာ့ကပ်ရောဂါအား ယှဉ်ပြိုင်နိုင်သည့် လက္ခဏာဖြစ်ကြောင်း၊ ကျန်းမာရေးဆိုင်ရာ ကာကွယ်မှုများနှင့် အရေးကြီးသည့် စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုများနှင့် လူအချင်းချင်း ထိတွေ့မှုများမှာ ညီမျှမှုရှိရန် လိုအပ်ကြောင်း၊ စီးပွားရေးတိုးတက်မှုအား ကန့်သတ်ခြင်းမရှိနိုင်ရန် ပုံမှန်စီးပွားရေး လုပ်ငန်းများအတွက် လူအများစုဝေးဆောင်ရွက်ရန်မှာ အရေးပါကြောင်း၊ ယခုလက်ရှိတွင် ဟောင်ကောင်ဒေသတွင်း ကိုဗစ်ကူးစက်မှုနှုန်းမှာသုညဖြစ်ပြီး ကိုဗစ်ကာကွယ်ဆေးထိုးနှံမှုမှာလည်း မြင့်မားလျက်ရှိကြောင်း၊ သို့ဖြစ်ရာ ဒေသအစိုးရအနေဖြင့် လူအချင်းချင်းခပ်ခွာခွာ နေထိုင်ရန် ကန့်သတ်ချက်များကို ထပ်မံဖြေလျှော့ပေးပြီး နယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်ရန် အလေးထားဆောင်ရွက်သင့်ကြောင်း၊ သို့သော် ဟောင်ကောင်ဒေသ၌ ၈-၁၀-၂၀၂၁ ရက်နေ့မှစတင်၍ ပြည်ပမှဝင်ရောက်လာသူများထံ၌ သာကိုဗစ်-၁၉ ကူးစက်မှုများ တွေ့ရှိခဲ့ပြီးဒေသတွင်း၌ ကူးစက်မှုမရှိသော်လည်း နယ်မြေဖြတ်ကျော် ခရီးသွားလာမှုများကို (၂၁) လကြာ ပိတ်ထားဆဲဖြစ်ကြောင်း ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Denise Tsang က “As business lunches return, calls grow to ease the restrictions to aid the recovery” ခေါင်းစဉ်ဖြင့် ရေးသား ဖော်ပြထားပါသည်။

အဆိုပါ သတင်းတွင် တရုတ်ပြည်မကြီးနှင့် နယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်နိုင်ရန် ဟောင်ကောင်ဒေသအစိုးရ အနေဖြင့် ၈-၁၂-၂၀၂၁ ရက်နေ့အထိ လူအချင်းချင်းခပ်ခွာခွာ နေထိုင်ရန် စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ ဆက်လက် ကန့်သတ်ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ နယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်ရန် ဟောင်ကောင်နှင့်ကွမ်တုံးပြည်နယ် အစိုးရတို့မှ ၂၅-၁၁-၂၀၂၁ (ကြာသပတေးနေ့) တွင် သဘောတူညီခဲ့ကြောင်း၊ လူပုဂ္ဂိုလ်များ ကိုယ်တိုင်တက်ရောက်သည့် အခမ်းအနားများကို ဟောင်ကောင်ဒေသ၌ ကျင်းပပြုလုပ်လျက်ရှိကြောင်း၊ ဟောင်ကောင်ဒေသရှိ ဗြိတိသျှကုန်သည်ကြီးများအသင်းမှလည်း လူကိုယ်တိုင်တက်ရောက်သည့် အခမ်းအနားများအား အောက်တိုဘာလတွင် (၇) ခု၊ နိုဝင်ဘာလတွင် (၁၁) ခု ကျင်းပပြုလုပ်ခဲ့ပြီး ဒီဇင်ဘာလတွင် (၇) ခု ကျင်းပပြုလုပ်သွားရန် စီစဉ်ထားကြောင်း၊ ဟောင်ကောင်ဒေသ၌ စီးပွားရေးပြန်လည်နာလန်ထူလျက်ရှိပြီး အချို့သော ကဏ္ဍများအတွက် ပြန်လည်နာလန်ထူရန် အချိန်ကြာမြင့်မည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသစီးပွားရေး ပြန်လည်နာလန်ထူရန် လိုအပ်ချက်တစ်ခုဖြစ်သည့် နိုင်ငံတကာနှင့် ခရီးသွားလာမှုများအတွက် ကန့်သတ်စောင့်ကြည့်ရေးဆိုင်ရာ သတ်မှတ်ချက်များကို ဆက်လက်ဖြေလျှော့နိုင်ရန် တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နယ်မြေဖြတ်ကျော်သွားလာမှုများပြန်လည် ဖွင့်လှစ်ခြင်းဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလကတည်းက ရပ်တန့်ထားခဲ့သည့် နိုင်ငံတကာခရီးသွားလုပ်ငန်းနှင့် ၎င်းနှင့်ဆက်စပ်လျက်ရှိသည့် ဝန်ဆောင်မှုလုပ်ငန်းများလည်း ပြန်လည်ကောင်းမွန်လာမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

Source: (စီးပွားရေးသံမှူး-ဟောင်ကောင်)

## နိုင်ငံတကာကုန်အမှတ်တံဆိပ်ပစ္စည်း ကုမ္ပဏီများ ဟိုင်နန်သို့ တိုးချဲ့ဖွင့်လှစ်နိုင်ရန် အခွင့်အလမ်းရှာဖွေ

ဟောင်ကောင်ဒေသ၌ ဖွင့်လှစ်ထားသည့် နာမည်ကြီး နိုင်ငံတကာကုန်အမှတ်တံဆိပ်ပစ္စည်း ကုမ္ပဏီများဖြစ်သည့်

LVMH Moet Hennessy Louis Vuitton (LVMH) ၊ Hermes နှင့် Richemont တို့သည် ကမ္ဘာ့ဒုတိယအကြီးဆုံး တန်ဖိုးမြင့်ကုန်ပစ္စည်းများဈေးကွက်ဖြစ်သည့် တရုတ်ပြည်မကြီးရှိ ဟိုင်နန်၌ လုပ်ငန်းများတိုးချဲ့ဖွင့်လှစ်နိုင်ရန် အခွင့်အလမ်းများ ရှာဖွေလျက်ရှိကြောင်း၊ နာမည်ကြီး နိုင်ငံတကာကုန်အမှတ်တံဆိပ်ပစ္စည်း ကုမ္ပဏီများမှာ နယ်စပ်ဂိတ်များပြန်လည် ဖွင့်လှစ်နိုင်မည့် အခြေအနေမရှိလျှင် တရုတ်ပြည်မကြီးအထူးသဖြင့် ဟိုင်နန်၌ ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်တိုးမြှင့်သွားကြမည်ဖြစ်ပြီး ဟောင်ကောင်ဒေသအပေါ်သက်ရောက်မှုများ ကြီးမားမည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသအနီးရှိ ကွမ်တုံးပြည်နယ်အနေဖြင့် ဟောင်ကောင်မှ ဆက်လက်ဝယ်ယူနိုင်သော်လည်း တရုတ်ပြည်မကြီးမှ ဝယ်ယူသူအရေအတွက်မှာ လျော့နည်းသွားနိုင်ကြောင်း ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ၂ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Iris Quyang က “Luxury Brands Looking to Expand in Hainan” ခေါင်းစဉ်ဖြင့်ရေးသား ဖော်ပြထားပါသည်။ အဆိုပါ သတင်းတွင် ယခင်နှစ်ကတရုတ်ပြည်မကြီး၌ နာမည်ကြီးနိုင်ငံတကာကုန်အမှတ်တံဆိပ်ပစ္စည်း ဈေးကွက်၏ရောင်းချမှုမှာ တရုတ်နိုင်ငံစုစုပေါင်းရောင်းချမှု၏ (၃၂) ရာခိုင်နှုန်းရှိပြီး အမေရိကန်နိုင်ငံကို ကျော်လွန်သွားပြီး (၅) နှစ်တာကာလအတွင်း ကမ္ဘာ့အမြင့်ဆုံးဖြစ်သွားကြောင်း၊ ဟိုင်နန်ကျွန်း၌ ရောင်းချသည့်ကုန်ပစ္စည်းများအားလုံးမှာ ၂၀၂၅ ခုနှစ်တွင် အကောက်ခွန်ကင်းလွတ်ခွင့် ရရှိမည်ဖြစ်ကြောင်း၊ နိုင်ငံတကာ ကုန်အမှတ်တံဆိပ်ပစ္စည်းကုမ္ပဏီများအနေဖြင့် အခြားမြို့များရှိဆိုင်များအား ထိခိုက်နိုင်သောကြောင့် ဟိုင်နန်ကျွန်း၌ အကောက်ခွန်ကင်းလွတ်မည့်ဆိုင်များ ဖွင့်လှစ်မည်မဟုတ်ကြောင်း၊ အချို့သောကုမ္ပဏီများမှာ နိုင်ငံခြားကုမ္ပဏီများအတွက် ဒေသသက်သာခွင့် အခွန်မူဝါဒများ ပံ့ပိုးသည့်ဒေသများတွင် ရုံးခန်းအသစ်များ ဖွင့်လှစ်ထားကြကြောင်း၊ ဟိုင်နန်ကျွန်းအပါအဝင် တရုတ်ပြည်မကြီး၌ ဆိုင်များရင်းနှီးမြှုပ်နှံဖွင့်လှစ်ခြင်းမှာ အကျိုးရှိနိုင်ပြီး လာမည့် (၂) နှစ်နှင့် (၃) နှစ်ကျော် ကာလအတွင်းတွင် ပိုမိုသိသာပေါ်လွင်လာမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။


Source: (စီးပွားရေးသံမှူး-ဟောင်ကောင်)

## Big data လုပ်ငန်းအတွက် ဖွံ့ဖြိုးရေးအစီအမံကို တရုတ်နိုင်ငံက ထုတ်ပြန်ကြေညာ

(၁၄) ကြိမ်မြောက် ငါးနှစ်စီမံကိန်း (၂၀၂၁-၂၀၂၅) ကာလအတွင်း big data ကဏ္ဍအတွက် ဖွံ့ဖြိုးမှုအစီအမံ တစ်ရပ်ကို တရုတ်နိုင်ငံက နိုဝင်ဘာလ (၃၀) ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ ၂၀၂၅ ခုနှစ်တွင် big data လုပ်ငန်း၏ပမာဏကို ယွမ်ငွေ (၃) ထရီလီယံကျော် (အမေရိကန်ဒေါ်လာ ၄၇၀ ဘီလီယံခန့်) ရှိလာစေရန်နှင့် စုစုပေါင်းနှစ်စဉ်တိုးတက်မှုနှုန်း (၂၅) ရာခိုင်နှုန်းကျော် ရှိလာစေရန်တရုတ်နိုင်ငံက မျှော်မှန်းထားပါသည်။ ထိုအချိန်တွင် big data လုပ်ငန်း၏ အဓိကထုတ်လုပ်မှုအချက်ဖြစ်သည့် အချက်အလက်အတွက် ဈေးကွက်ဦးစားပေး pricing mechanism ကို တည်ထောင်ထားပြီ ဖြစ်ကာ၊ big data အပေါ် လူထု၏သတိပြုမှုကို မြှင့်တင်နိုင်ခြင်း၊ အဆင့်မြင့် big data ဖြင့် ဆောင်ရွက်သည့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဆွဲဆောင်မှုပြုခြင်းတို့ကို ပြုလုပ်နိုင်မည်ဟု တရုတ်နိုင်ငံက မျှော်မှန်းထားပါသည်။ တရုတ်နိုင်ငံ၏ big data ကဏ္ဍမှာ လွန်ခဲ့သည့် (၅)နှစ်အတွင်း လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး၊ ၂၀၂၀ ပြည့်နှစ်တွင် ယွမ်ငွေ (၁) ထရီလီယံတန်ဖိုးကျော်ရှိခဲ့ကြောင်း သိရပါသည်။

ရင်းမြစ်၊ Xinhua (စီးပွားရေးသံမှူး-နန်နင်း)

## တရုတ်အလှကုန်ဈေးကွက်တွင် နမူနာပေးသည့် အလှကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချရာ ပိုမိုလူကြိုက်များလျက်ရှိ



ရောင်းချရန်အတွက်မဟုတ်ဘဲ အစမ်းသုံးကြည့်ရန် ဖြန့်ဖြူးလေ့ရှိသည့် အလှကုန်နမူနာများမှာ ယခုအခါ တရုတ်ဈေးကွက်တွင် အများအပြားရောင်းချနေရပြီး၊ အလှကုန်အမှတ်တံဆိပ် ကြေညာနိုင်၍ ဈေးကွက်ကိုလွှမ်းမိုးလာနိုင်ခြင်းနှင့် အသုံးပြုသည့် ဖောက်သည်များတိုးပွားလာခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိလာသည်ဟု သိရပါသည်။ အများအားဖြင့် အလှကုန်အမျိုးအစားကောင်းကို အသုံးပြုလိုသော်လည်း ငွေကြေးအများအပြားမသုံးစွဲလိုသည့် ဖောက်သည်များကြားတွင် အရွယ်အစားသေးငယ်၍ ဈေးနှုန်းသက်သာသည့် အလှကုန်များမှာ ပိုမိုရေပန်းစားလာခြင်းဖြစ်ပါသည်။ အထူးသဖြင့် အရေပြား ထိန်းသိမ်းသည့် အလှကုန်များကို နေ့စဉ်အသုံးပြု

ရန် အရွယ်အစားကြီးကြီးမားမား ဝယ်ယူကြသော်လည်း၊ အမျိုးအစားများပြားပြီး တစ်ကြိမ်သုံးလျှင် အနည်းငယ်သာ အသုံးပြုသည့် အလှကုန်များအတွက်မူ ငွေကြေးများစွာ အသုံးပြုလိုခြင်း မရှိကြသည်ကို သိရပါသည်။ အလှကုန်များကို ရောင်းချသည့်ဆိုင်များတွင်လည်း နာမည်ကြီးအလှကုန် အမှတ်တံဆိပ် အမျိုးမျိုးတို့၏ နမူနာများကို ယွမ် (၃၀)မှ ယွမ် (၃၀၀)ကြား ရောင်းချနေကြပြီး၊ မိန်းမပျိုများကြားတွင် လူကြိုက်များနေကြကြောင်းနှင့် ယမန်နှစ်မှစ၍ ထိုကဲ့သို့ နမူနာအရွယ်အစားရှိ အလှကုန်များကို အလှကုန်ဆိုင်များတွင် ပိုမိုရောင်းချလာရကြောင်း သိရပါသည်။ တစ်ပတ်ရစ်ပစ္စည်းများကို ရောင်းချသည့် e-commerce site ဖြစ်သည့် Xianyu မှ စာရင်းအရ ယမန်နှစ်အတွင်း နမူနာအလှကုန်များကို ရောင်းချရမှုမှာ (၂၀၁) ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ အလှကုန်သတင်းအချက်အလက် ကွန်ရက်ဖြစ်သည့် Chyxx မှ ခန့်မှန်းချက်အရ လာမည့်နှစ်တွင် တရုတ်နိုင်ငံ၏ အလှကုန်လုပ်ငန်းမှာယွမ်ငွေ ဘီလီယံ (၅၀၀) ခန့်ရှိနိုင်ပြီး၊ ၂၀၂၃ ခုနှစ်တွင် ယွမ်ငွေ (၅၄၉) ဘီလီယံခန့် ရှိနိုင်ကြောင်း သိရပါသည်။

နာမည်ကျော် အလှကုန်အမှတ်တံဆိပ်များကလည်း ဖောက်သည်များက နမူနာများကို ပိုမိုဝယ်လိုအားမြင့်လာကြောင်း ကောင်းစွာသိရှိလာကြပါသည်။ Procter & Gamble အမှတ်တံဆိပ်ဆိုလျှင် နမူနာပစ္စည်းများပေါ်တွင် နှစ်စဉ်ယွမ်ငွေသန်း (၅၀၀) ခန့် သုံးစွဲလေ့ရှိပါသည်။ တရုတ်နိုင်ငံ၏ နာမည်ကျော် skincare အမှတ်တံဆိပ်ဖြစ်သည့် Winona သည်လည်း ဖောက်သည်များအတွက် နမူနာပစ္စည်းအခုရေ (၃)သိန်းခန့် ပေးပို့ကာ၊ ဖောက်သည်အသစ် (၂၉၀,၀၀၀)ကို ဆွဲဆောင်သည်ဟု သိရပါသည်။ ယခုနှစ်အစပိုင်းတွင် Tmall က ဟန်ကျိုးတွင် (၁)ယွမ်စတိုးဆိုင်ကို စတင်ဖွင့်လှစ်ပြီး၊ အလှကုန်အမှတ်တံဆိပ် (၈၀) ကျော်ဝန်းကျင်တို့ အလှကုန်နမူနာပေါင်း (၃) သောင်းကျော်ကို ရောင်းချရာ ဖောက်သည်ထောင်ပေါင်းများစွာကို ဆွဲဆောင်နိုင်ခဲ့ပါသည်။ ထို့ပြင် အွန်လိုင်းပေါ်တွင်လည်း "Tmall U First" နေရာမှ အလှကုန်နမူနာများကို ဈေးသက်သာစွာဖြင့် ရောင်းချခဲ့ရာ၊ လာရောက်ကြည့်ရှုသူများက မကြာခဏပြန်လည်ဝင်ရောက် ကြည့်ရှုကြသည့်အတွက် ရလဒ်ကောင်းမွန်ကြောင်း သိရပါသည်။ တရုတ်ဈေးကွက်သို့ ဝင်ရောက်လိုကြသည့် မြန်မာနိုင်ငံမှ အလှကုန်လုပ်ငန်းရှင်များအနေနှင့်လည်း တရုတ်နိုင်ငံ၌ ကျင်းပသည့် ကုန်စည်ပြပွဲများတွင် ပါဝင်ပြသရန် ပြင်ဆင်ကြသည့်အခါ တရုတ်နိုင်ငံ၏ ဈေးကွက်အနေအထားကို ကြိုတင်သိရှိ၍ ပြင်ဆင်နိုင်ကြစေရန်ရည်ရွယ်၍ ဤသတင်းကိုရေးသားဖော်ပြအပ်ပါသည်။

ရင်းမြစ်၊ China Daily (စီးပွားရေးသံမှူး-နန်နင်း)

## နိုဝင်ဘာလအတွင်း တရုတ်နိုင်ငံအရှေ့ပိုင်းတွင် ဘိလပ်မြေဝယ်လိုအား လျော့နည်းခဲ့သောကြောင့် ဈေးနှုန်းများကျဆင်းခဲ့

တရုတ်နိုင်ငံအရှေ့ပိုင်း၌ နိုဝင်ဘာလ အစောပိုင်းတွင် ဘိလပ်မြေဈေးနှုန်း တစ်တန်လျှင် ယွမ်ငွေ (၆၆၆.၆၇) ရှိခဲ့ရာမှ၊ နိုဝင်ဘာလနှောင်းပိုင်းတွင် တစ်တန်လျှင် ယွမ်ငွေ (၆၂၅)သာ ရှိခဲ့သည့်အတွက် (၆.၂၅) ရာခိုင်နှုန်း ကျဆင်းခဲ့သည်ကိုတွေ့ရပါသည်။ သို့ရာတွင် ၎င်းဈေးနှုန်းမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက (၂၃.၆၇) ရာခိုင်နှုန်း မြင့်တက်နေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ နိုဝင်ဘာလအတွင်း စွမ်းအင်နှင့် ထုတ်လုပ်မှုကန့်သတ်ချက်များကို ကျယ်ပြန့်စွာ ဖြေလျှော့ပေးခဲ့ခြင်း၊ ဘိလပ်မြေလုပ်ငန်းများ၏ ကုန်ပစ္စည်းသိုလှောင်မှု ဆက်လက်များပြားခဲ့ခြင်း၊ ကျောက်မီးသွေးဈေးနှုန်းများ သိသိသာသာ ကျဆင်းခဲ့သဖြင့် ဘိလပ်မြေထုတ်လုပ်သည့် ကုန်ကျစရိတ်လျော့နည်းခြင်းတို့ကြောင့် ဘိလပ်မြေဈေးကွက် အေးလာရခြင်းဖြစ်ပါသည်။ ထို့ပြင် အိမ်ခြံမြေဆောက်လုပ်ရေး စီမံကိန်းများမှာလည်း နှေးကွေးလာပြီး၊ အရောင်းအဝယ်လည်း အေးလာသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ရေတိုကာလတွင် တရုတ်နိုင်ငံ၏ ဘိလပ်မြေဈေးကွက် ဆက်လက်ကျဆင်းနေဦးမည်ဟု ခန့်မှန်းရရှိပါသည်။

ရင်းမြစ်၊ SunSirs (စီးပွားရေးသံမှူး-နန်နင်း)

## ဒီဇင်ဘာလ (၁) ရက်နေ့တွင် တရုတ်နိုင်ငံ၏ စက္ကူပျော့ဖတ်ဈေးနှုန်း သိသိသာသာ မြင့်တက်လာ

မကြာသေးမီက တရုတ်နိုင်ငံဈေးကွက်တွင် ပျော့ဖတ်ကြိုရောင်းကြိုဝယ် ဈေးနှုန်းများ များစွာမြင့်တက်လာပါသည်။ တစ်နေ့တည်းမှာပင် SP2201 အမျိုးအစားအတွက် အဖွင့်ဈေးမှာ တစ်တန်လျှင် ယွမ်ငွေ (၅,၆၃၆) ဖြစ်ကာ၊ အပိတ်ဈေးမှာ တစ်တန်လျှင် ယွမ်ငွေ (၅,၉၈၀) ဖြစ်သွားခဲ့ရာ၊ (၆) ရာခိုင်နှုန်းကျော်မြင့်တက်သွားခဲ့ပါသည်။ ပျော့ဖတ်အပျော့ အမျိုးအစား၏ ပေါက်ဈေးမှာ တစ်တန်လျှင် ယွမ်ငွေ (၅,၅၁၀) ဖြစ်ကာ၊ သစ်မာသား ပျော့ဖတ်အမျိုးအစား၏ ပေါက်ဈေးမှာ တစ်တန်လျှင် ယွမ်ငွေ (၄,၇၀၀) ဖြစ်ပါသည်။ ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း ပျော့ဖတ်စာချုပ်ချုပ်ဆိုမှုများ များပြားလာပြီး၊ ဈေးကွက်အတွင်း သစ်သားပျော့ဖတ်လက်ငင်းဈေးနှုန်းမှာလည်း မြင့်မားလာပါသည်။ သို့ရာတွင် ဝယ်လိုအားမှာ ကုန်ချောထုတ်လုပ်သည့်ဈေးကွက်ဘက်မှ အများစုဖြစ်ကြ၍ ဝယ်လိုအား အပြောင်းအလဲ သိပ်မရှိသေးသည့်အခြေအနေ ဖြစ်နေဆဲဖြစ်

ပါသည်။ ရောင်းလိုအားဘက်တွင် ကနေဒါနိုင်ငံ၌ ဖြစ်ပွားသည့် သဘာဝဘေးကြောင့် ထင်းရှူးသားပျော့ဖတ်ပြုလုပ်နိုင်မှု အားနည်းနေသေးခြင်း၊ အင်ဒိုနီးရှားနိုင်ငံမှ သစ်မသားပျော့ဖတ်ရောင်းလိုအား ဆိုင်းငံ့ထားခြင်းစသည့် သတင်းများကပျော့ဖတ်ဈေးနှုန်းများ မြင့်တက်လာစေရန် တွန်းအားပေးနေပါသည်။ လက်ရှိအချိန်တွင် ပြည်ပဈေးနှုန်းနှင့် လက်ငင်းအဝယ် ဈေးနှုန်းများမှာ တစ်ခုပြီးတစ်ခု မြင့်တက်လာရာ ကုန်ချောဈေးနှုန်းများလည်း မြင့်တက်လာရာ၊ ရေတိုကာလတွင် တရုတ်နိုင်ငံရှိ သစ်သားပျော့ဖတ် လက်ငင်းအရောင်းအဝယ် ဈေးနှုန်းမှာအားကောင်းပြီး တည်ငြိမ်မှုမရှိသည့် အနေအထားတွင် ရှိနေနိုင်ပါသည်။

ရင်းမြစ်၊ SunSirs (စီးပွားရေးသံမှူး-နန်နင်း)

## လာမည့်ငါးနှစ်အတွင်း ကွမ်ရှီး၏ နယ်စပ်ဂိတ်များအားလုံးကို အဝေးပြေးလမ်းများဖြင့် ချိတ်ဆက်သွားရန်ရှိ

ယခုအခါ ကွမ်ရှီး၏ နယ်စပ်ဂိတ် (၉) ခုအနက် (၄)ခုတို့မှာ အဝေးပြေးလမ်းများဖြင့် ချိတ်ဆက်ထားပြီးဖြစ်ကာ၊ ကျန် (၅) ခုထံသို့လည်း အဝေးပြေးလမ်းများမှ ဝင်ရောက်နိုင်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ပါသည်။ Dongzhong၊ Yueyu နှင့် Pingmeng ဂိတ်များသို့ ဆက်သွယ်ထားသည့် အဝေးပြေးလမ်းများမှာ ၂၀၂၄ ခုနှစ်တွင်လည်းကောင်း၊ Aidian သို့ ဆက်သွယ်ထားသည့် အဝေးပြေးလမ်းမှာ ၂၀၂၃ ခုနှစ်တွင်လည်းကောင်းစတင်၍ အသုံးပြုနိုင်တော့မည် ဖြစ်ပါသည်။ ဗီယက်နမ်နှင့် ကီလိုမီတာ (၅၀၀) ကျော် နယ်နိမိတ်ချင်းထိစပ်နေသည့် ချုံးကျို (Chongzuo) တွင် နယ်စပ်ဂိတ်ပေါက် (၅)ပေါက်ရှိသည့်အနက် (၂) ပေါက်သာ အဝေးပြေးလမ်းနှင့် ဆက်သွယ်ထားကြောင်း၊ လာမည့် (၅)နှစ်အတွင်း ဂိတ်ပေါက်အားလုံးကို အဝေးပြေးလမ်းများနှင့် ချိတ်ဆက်သွားမည်ဖြစ်ကြောင်း၊ ချုံးကျိုမှာ အာဆီယံနှင့် တရုတ်ကို ဆက်သွယ်ပေးထားသည့် အဆင်အပြေဆုံးဝင်/ထွက်ပေါက်ဖြစ်ကြောင်း၊ ယခုကဲ့သို့ သယ်ယူပို့ဆောင်ရေး အထောက်အကူများကို အကောင်းဆုံးဖြစ်စေရန် ဆောင်ရွက်ပေးခြင်းမှာ ချုံးကျိုနှင့် အာဆီယံနိုင်ငံများအကြား စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ကူညီပေးရာလည်းရောက်ကြောင်း ချုံးကျိုဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်မှ Li Li က မှတ်ချက်ပြုပြောကြားပါသည်။

ပြီးခဲ့သည့် (၅)နှစ်အတွင်း ချုံးကျိုမြို့၏ ပို့ကုန်သွင်းကုန်ပမာဏ နှစ်စဉ်တိုးတက်မှုနှုန်းမှာ (၈) ရာခိုင်နှုန်းခန့်ဖြစ်ပြီး၊ ၂၀၂၀ ပြည့်နှစ်အတွင်း ကုန်သွယ်မှုတန်ဖိုး ယွမ်ငွေ (၁၈၄.၃) ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၈.၉ ဘီလီယံခန့်) ရှိခဲ့ကြောင်း သိရပါသည်။ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ချုံးကျိုမြို့သည် ပို့ကုန်သွင်းကုန် ပမာဏအားဖြင့် (၁၂) နှစ်ဆက်တိုက် ထိပ်တန်းနေရာတွင်ရှိခဲ့ပြီး၊ ပို့ကုန်ပမာဏအားဖြင့် (၁၄) နှစ်ဆက်တိုက် ထိပ်တန်းနေရာတွင်ရှိခဲ့ကြောင်း သတင်းရရှိပါသည်။

ရင်းမြစ်၊ en.gxzf.gov.cn (စီးပွားရေးသံမှူး-နန်နင်း)

## ကုန်သေတ္တာလိုအပ်ချက် လျော့ကျလာစေရန် စီမံဆောင်ရွက်မှုအချို့ကို စတင်ဆောင်ရွက်နေသည့် တရုတ်နိုင်ငံ

မကြာသေးမီက တရုတ်နိုင်ငံအစိုးရ၏ စီမံဆောင်ရွက်ပေးမှုများကြောင့် ကုန်သေတ္တာလိုအပ်ချက်များ တဖြည်းဖြည်းလျော့ကျလာခဲ့ကြောင်းနှင့် ကုန်စည်စီးဆင်းမှုများကို မြန်ဆန်လာပြီဖြစ်ကြောင်း သိရပါသည်။ ယခုနှစ် ပထမ (၁၀) လအတွင်း တရုတ်နိုင်ငံဆိပ်ကမ်းများမှ ကုန်သေတ္တာဖြတ်သန်းဆောင်ရွက်ပေးခဲ့မှုမှာ ကုန်စည်တန်ချိန် (၁၂.၈၇)ဘီလီယံခန့်ရှိကာ ယခင်နှစ်ကထက် (၇.၈) ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ထိုကာလအတွင်း ပေ (၂၀) အရှည် ကုန်သေတ္တာ အလုံးပေါင်း (၂၃၅) သန်းအထိရရှိခဲ့ကာ၊ ယခင်နှစ်ကထက် (၈.၄) ရာခိုင်နှုန်း ပိုမိုခဲ့ပါသည်။ တရုတ်ပို့ဆောင်ရေးဝန်ကြီးဌာန၏ ဦးဆောင်မှုအောက်၌ တရုတ်နိုင်ငံပိုင် ကုန်တင်သင်္ဘောလိုင်းဖြစ်သည့် COSCO သည် ကုန်သေတ္တာအလွတ် (၁၃,၄၆၉) လုံးအား မတ်လအတွင်း ပြည်တွင်းဆိပ်ကမ်းများဆီသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ပါသည်။ ကုန်သေတ္တာအသစ်များကို ထုတ်လုပ်သူများကလည်း ထုတ်လုပ်မှုအား အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ စက်တင်ဘာလအတွင်း တရုတ်နိုင်ငံတွင် ပေ(၂၀) အရှည် ကုန်သေတ္တာအသစ် ထုတ်လုပ်မှုမှာ အလုံးရေ (၂) သိန်း မှ (၅) သိန်းအထိ တိုးမြင့်ခဲ့ကာ စံချိန်တင်ခဲ့ပါသည်။

တရုတ်နိုင်ငံ၏ ဆိပ်ကမ်းများတွင် ဒစ်ဂျစ်တယ်အသွင်ပြောင်းလဲမှုဖြင့် ကုန်သေတ္တာများ ချောမွေ့စွာစီးဆင်းနိုင်စေရန် ဆောင်ရွက်နေရာ ကုန်သေတ္တာလိုအပ်ချက်များ လျော့ကျလာစေရေးကို ကူညီပေးနိုင်ကြောင်း သိရပါသည်။ ယခုအခါ တရုတ်နိုင်ငံ၏ ကုန်သေတ္တာဆိပ်ကမ်း (၁၀) ခုတွင် အလိုအလျောက်စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်နေပြီး၊ အခြားဆိပ်ကမ်း (၇) ခုတွင် အလိုအလျောက်စနစ်ထည့်သွင်း တည်ဆောက်နေဆဲ ဖြစ်ပါသည်။ ယခုနှစ် ပထမ (၁၀) လအတွင်း တရုတ်နိုင်ငံ၏ စုစုပေါင်းပို့ကုန်သွင်းကုန်ပမာဏမှာ ယွမ်ငွေ

(၃၁.၆၇) ထရီလီယံ (အမေရိကန်ဒေါ်လာ ၄.၉၇ ထရီလီယံခန့်) ရှိခဲ့ကာ ယခင်နှစ်ကထက် (၂၂.၂) ရာခိုင်နှုန်း ပိုမိုခဲ့ပြီး၊ ပို့ကုန်ပိုင်း၌ (၂၂.၅) ရာခိုင်နှုန်း တိုးတက်လာကြောင်း သတင်းရရှိပါသည်။

ရင်းမြစ်၊ Xinhua (စီးပွားရေးသံမှူး-နန့်နင်း)

## အမေရိကန်နိုင်ငံတွင် SelectUSA's Investment Summit တက်ရောက်လိုသူများ စာရင်းသွင်းနိုင်ပြီ

အမေရိကန်နိုင်ငံတွင် နှစ်စဉ်ကျင်းပလျက်ရှိသည့် SelectUSA's Investment Summit ကို ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့မှ ၂၉ ရက်နေ့အထိ မယ်ရီလန်းပြည်နယ်၊ National Harbor ရှိ Gaylord National Resort & Convention Center တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပါဝင်တက်ရောက်လိုသူများအနေနှင့် စာရင်းသွင်းနိုင်ပြီဖြစ်ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝဘ်ဆိုဒ်တွင် ဖော်ပြထားပါသည်။ အဆိုပါ SelectUSA's Investment Summit သည် အမေရိကန်ပြည်ထောင်စုတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးအတွက် အကြီးဆုံးဆွေးနွေးပွဲဖြစ်သကဲ့သို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် အမေရိကန် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းများအကြား တိုက်ရိုက်ချိတ်ဆက်နိုင်ကာ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများစွာအကြောင်း ဝေမျှနိုင်ပြီး အမေရိကန်နိုင်ငံအတွင်း အလုပ်အကိုင်များစွာ ဖန်တီးပေးနိုင်သည့်အပြင် မြန်မာနိုင်ငံမှစီးပွားရေး လုပ်ငန်းရှင်များအနေနှင့်လည်း အမေရိကန်မှစီးပွားရေးလုပ်ငန်းများ၊ ဖယ်ဒရယ်နှင့် ပြည်နယ်များမှ တာဝန်ရှိသူများနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့်လည်း ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးခွင့်ရရှိပြီး အမေရိကန်လုပ်ငန်းရှင်များနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်မှုများကို တွေ့ဆုံဆွေးနွေးနိုင်မည် ဖြစ်ပါသည်။

SelectUSA's 2022 Summit တွင် ပါဝင်တက်ရောက်သူများကို အဆင့်မြင့်ဘတ္တရီများ၊ စွမ်းအင်သိုလှောင်မှု၊ မြို့ပြနျူကလီးယားစွမ်းအင်၊ ကမ်းလွန်လေစွမ်းအင်နှင့် တစ်ဝက်တစ်ပျက်လျှပ်ကူး ပစ္စည်းများစသည့် သန့်ရှင်းသည့် စွမ်းအင်ကဏ္ဍများအတွက် သီးသန့်အစီအစဉ်တွင်လည်း ပါဝင်တက်ရောက် ဆွေးနွေးနိုင်မည်ဖြစ်ပါသည်။ ဆွေးနွေးပွဲဆိုင်ရာ သတင်းအချက်အလက်များနှင့် ဆွေးနွေးပွဲတက်ရောက်ခ နှုန်းထားများအား www.selectusasummit.us တွင် ဝင်ရောက် ကြည့်ရှုနိုင်ပြီး လူကိုယ်တိုင်သော်လည်းကောင်း၊ online မှသော်လည်းကောင်း တက်ရောက်လိုသူများ စာရင်းပေးသွင်းနိုင်ကြောင်း ဖော်ပြထားပါသည်။

Source: (စီးပွားရေးသံမှူး-အမေရိကန်)

## စိန်ခေါ်မှုများရှိနေသော်လည်း အလားအလာ ကောင်းမွန်ရန် မျှော်လင့်ထားသည့် ဘယ်လ်ဂျီယံနိုင်ငံ၏ စားသောက်ကုန်လုပ်ငန်းကဏ္ဍ

ပြီးခဲ့သည့် (၂) နှစ်အတွင်း ဘယ်လ်ဂျီယံနိုင်ငံ၏ စားသောက်ကုန်လုပ်ငန်းကဏ္ဍသည် အခြားစီးပွားရေးကဏ္ဍများနည်းတူ ကိုဗစ်-၁၉ ကပ်ရောဂါ၏ သက်ရောက်မှုများရှိခဲ့ပြီး၊ မကြုံစဖူးသော စိန်ခေါ်မှုများကို ကြုံတွေ့ခဲ့ရကြောင်း၊ ဥရောပတွင် ဗြိတိန်ခွဲထွက်မှုကိစ္စရပ် (Brexit) သည် ကုန်ထုတ် လုပ်မှုထောက်ပံ့ရေးကွင်းဆက်ကို ကြီးစွာအဟန့်အတား ဖြစ်စေခဲ့ပြီး၊ သီးနှံများရိတ်သိမ်းရန်အတွက် လုပ်သားခေါ်ယူရာတွင် ရှုပ်ထွေးမှုများရှိလာကြောင်း၊ စားသောက်ကုန်ထောက်ပံ့သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင်လည်း စားသောက်ကုန်များကို ထိန်းသိမ်းရာတွင်အသုံးပြုသည့် ဓါတ်ငွေ့မလုံလောက်မှုပြဿနာများကို ကြုံတွေ့ရကြောင်း သိရပါသည်။ ထိုသို့အခက်အခဲနှင့် စိန်ခေါ်မှုများရှိနေစေကာမူ ဘယ်လ်ဂျီယံနိုင်ငံ၏ စားသောက်ကုန်လုပ်ငန်းကဏ္ဍ၏ ရှေ့အလားအလာအပေါ် အကောင်းမြင်ထားဆဲဖြစ်ကြောင်း၊ ၎င်းလုပ်ငန်းကဏ္ဍအနေဖြင့် ကပ်ရောဂါအကျပ်အတည်းကို ရင်ဆိုင်နေရစဉ်တွင် ကြံ့ကြံ့ခံနိုင်စွမ်းကို ပြသထားဆဲဖြစ်ကြောင်း ဘယ်လ်ဂျီယံ၏ စားသောက်ကုန်လုပ်ငန်းအသင်းချုပ် (Federation of the Belgian Food Industry- FEVIA) က ဆိုသည်။

စားသောက်ကုန်လုပ်ငန်းကဏ္ဍ၌ လုပ်သားရှားပါးမှုပြဿနာနှင့်ပတ်သက်၍ Brexit နှင့် ကိုရိုနာဗိုင်းရပ်စ်အကျပ်အတည်းတို့ပေါင်းဆုံမိခြင်းသည် လုပ်သားရှားပါးမှုအခြေအနေကို ပိုမိုဆိုးရွားစေကြောင်း၊ ကုမ္ပဏီများအားလုံးနီးပါးသည် လုပ်သားပြဿနာကို ရင်ဆိုင်နေကြရကြောင်း FEVIA ၏ ဥက္ကဋ္ဌဟောင်း Jan Vander Stichele က ပြောကြားသည်။ စားသောက်ကုန်လုပ်ငန်း (၄) ခုလျှင် (၁) ခုသည် ဝန်ထမ်းမလုံလောက်မှုကြောင့် ၎င်းတို့၏ထုတ်လုပ်မှု နှေးကွေးကြရကြောင်း၊ အထူးသဖြင့် နည်းပညာပိုင်းကျွမ်းကျင်မှု လိုအပ်သည့် လုပ်ငန်းနယ်ပယ်များတွင် ဝန်ထမ်းမလုံလောက်မှုကို တွေ့ရကြောင်း သိရသည်။ အခြားတစ်ဖက်တွင် စားသောက်ကုန်ထုတ်လုပ်ရာ၌ သုံးသည့်ပစ္စည်းများဈေးနှုန်းသည် မြင့်တက်လျက်ရှိကြောင်း၊ အထူးသဖြင့် ဓါတ်ငွေ့ဈေးနှုန်းမှာ ယခင်နှစ်ကထက် (၄၁၁) ရာခိုင်နှုန်း၊ သစ်ဈေးနှုန်းမှာ (၁၃၃) ရာခိုင်နှုန်း၊ ကွန်တိန်နာသယ်ယူပို့ဆောင်မှု (၁၄၄) ရာခိုင်နှုန်း၊ အလူမီနီယံ (၄၆) ရာခိုင်နှုန်း၊ ပလပ်စတစ်(၂၂) ရာခိုင်နှုန်းနှင့် ထုပ်ပိုးရာတွင်သုံးသည့် ကတ်ထူပြားများ (၁၇) ရာခိုင်နှုန်း တို့ဖြင့် အသီးသီးမြင့်တက်ခဲ့ကြောင်း၊ စားသောက်ကုန်ပါဝင်

ပစ္စည်းများ၏ ကုန်ကျစရိတ်မှာလည်း သုံးပုံတစ်ပုံခန့်မြင့်တက်ခဲ့ကြောင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်သည် ၂၀၂၀ ခုနှစ်၊ နှစ်လယ်ပိုင်းခန့်မှစ၍ သိသာစွာမြင့်တက်ခဲ့သဖြင့် စားသောက်ကုန်လုပ်ငန်းများ၏ အမြတ်အစွန်းမှာ စံချိန်တင်ကျဆင်းခဲ့ပြီး၊ လက်ရှိတွင် (၂.၇) ရာခိုင်နှုန်း၌သာရှိကြောင်း သိရပါသည်။

ရင်းမြစ် – https://www.brusselstimes.com/belgium-all-news/195561/belgian-food-industry-hopeful-for-future-after-exceptional-challenges (စီးပွားရေးသံမှူး-ဘယ်လ်ဂျီယံ)

## ယူရို (၃၀၀) ဘီလျံတန်ဖိုးရှိ ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအစီအစဉ် Global Gateway ကို အီးယူက ထုတ်ပြန်ကြေညာ

ကမ္ဘာတစ်ဝန်း၌ အီးယူ၏ ကုန်ထုတ်လုပ်မှုထောက်ပံ့ရေးကွင်းဆက်ကို အားကောင်းစေရေး၊ အီးယူကုန်သွယ်မှုကို အားပေးမြှင့်တင်နိုင်ရေးနှင့် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးအထောက်အကူဖြစ်စေမည့် အခြေခံအဆောက်အအုံများ၊ ဒစ်ဂျစ်တယ်နှင့် ရာသီဥတုဆိုင်ရာ စီမံကိန်းများအတွက် ၂၀၂၁ ခုနှစ်မှ ၂၀၂၇ ခုနှစ်အတွင်း ယူရို (၃၀၀) ဘီလျံ ရင်းနှီးမြှုပ်နှံမည့် Global Gateway အမည်ရှိ ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်တစ်ရပ်ကို ဥရောပကော်မရှင်က ၁-၁၂-၂၀၂၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရပါသည်။ အီးယူ၏ Global Gateway စီမံကိန်းသည် ဒစ်ဂျစ်တယ်မှုပြုခြင်း၊ ကျန်းမာရေး၊ ရာသီဥတု၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေးကဏ္ဍများသာမက ပညာရေးနှင့်သုတေသနကဏ္ဍများ အတွက်ပါ ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အီးယူ၏ ယင်းစီမံကိန်းအရ ရန်ပုံငွေများကို အထောက်အပံ့ (Grants)၊ ချေးငွေ (Loans)နှင့် အာမခံ (Guarantees) ပုံစံများဖြင့် ရင်းနှီးမြှုပ်နှံဆောင်ရွက်ရာတွင် အီးယူအဖွဲ့ဝင်နိုင်ငံအစိုးရများ၊ အဖွဲ့အစည်းများ (EU Institutions) ၊ ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများနှင့် အမျိုးသားဖွံ့ဖြိုးရေးဘဏ်များမှ တစ်ဆင့်ပေးအပ်သွားမည်ဟုသိရပါသည်။ အီးယူသည် ယင်းစီမံကိန်းကို ဆောင်ရွက်ရာတွင် ဘဏ္ဍာငွေအထောက်အပံ့ရယူသည့် နိုင်ငံများအတွက် ကြွေးမြီဒုက္ခခံရနိုင်ခြေ လျော့ပါးစေရေး မျှတ၍ လုပ်သာကိုင်သာရှိသော စည်းမျဉ်းစည်းကမ်းများဖြင့် ဘဏ္ဍာငွေထောက်ပံ့မှုများကို ကမ်းလှမ်းသွားမည်ဖြစ်ကြောင်း ဥရောပကော်မရှင်က ထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။

အီးယူ၏ ကမ္ဘာလုံးဆိုင်ရာရင်းနှီးမြှုပ်နှံမှုစီမံကိန်းသည် ဒစ်ဂျစ်တယ်၊ ပို့ဆောင်ရေးနှင့် စွမ်းအင်ကွန်ရက်များကို ပိုမိုအားကောင်းစေရန်အတွက် ဖိုင်ဘာကေဘယ်ကြိုးများ၊ သယ်ယူပို့ဆောင်ရေးစင်္ကြံများ၊ စွမ်းအင်ကူးပြောင်းရေးလိုင်းများစသည့် ရုပ်ပိုင်းအခြေခံအဆောက်အအုံများကို အလေးပေးဆောင်ရွက်မည်ဖြစ်သည်ဟု ဥရောပကော်မရှင်ကဆိုသည်။ စီမံကိန်းလုပ်ငန်းလွှဲပြောင်းမှုများ သေချာစေရေးအတွက် ဆွဲဆောင်မှုရှိသော ရင်းနှီးမြှုပ်နှံမှု၊ လုပ်သာကိုင်သာရှိသည့် စီးပွားရေး/ကုန်သွယ်မှု အခြေအနေများ၊ မူဝါဒပိုင်းဆိုင်ရာချက်များ၊ စံချိန်စံညွှန်းများ၊ ကုန်ထုတ်လုပ်မှုထောက်ပံ့ရေးကွင်းဆက် ပေါင်းစည်းမှုနှင့် ဘဏ္ဍာရေးဝန်ဆောင်မှုများကို ကမ်းလှမ်းခြင်းဖြင့် စီမံကိန်းများလုပ်သာစေမည့် ပတ်ဝန်းကျင် (enabling environment) တစ်ရပ်ကို ဖန်တီးပေးမည်ဖြစ်ကြောင်း၊ ၎င်းစီမံကိန်းအရ အခြားနိုင်ငံများကို ကူညီခြင်းဖြင့် အီးယူသည် ယင်း၏ ကိုယ်ပိုင်အကျိုးစီးပွားမြှင့်တင်ရေး၊ ကုန်ထုတ်လုပ်မှုထောက်ပံ့ရေးကွင်းဆက် အားကောင်းစေရေးတို့ကိုလည်း ဆောင်ရွက်သွားမည်ဖြစ်သည်ဟု ဥရောပကော်မရှင်ကဖော်ပြသည်။ Global Gateway စီမံကိန်းသည် အီးယူအတွက် ကုန်သွယ်မှုအခွင့်အလမ်းများကို ပိုမိုဖွင့်လှစ်ပေးနိုင်မည်ဖြစ်ကြောင်း၊ အီးယူ၏ စီးပွားရေးတွင် အလုပ်အကိုင်ပေါင်း (၃၈) သန်းခန့်သည် နိုင်ငံတကာနှင့်ကုန်သွယ်မှုအပေါ်တွင် မှီခိုနေခြင်းဖြစ်ကြောင်း ဥရောပကော်မရှင်၏ ဖော်ပြချက်အရ သိရပါသည်။

ရင်းမြစ် – https://www.euractiv.com/section/global-europe/news/eu-unveils-e300bn-global-investment-scheme-as-part-of-the-wests-response-to-china/ (စီးပွားရေးသံမှူး-ဘယ်လ်ဂျီယံ)

## ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် ဘရာဇီးလ် ပဲပုတ်စေ့ တန်ချိန် ၂.၂၈၆ သန်း တင်ပို့နိုင်ရန်ခန့်မှန်း



ယခုနှစ် နိုဝင်ဘာလအတွင်း ပဲပုတ်စေ့တန်ချိန် ၂.၂၈၆ သန်းအား တင်ပို့နိုင်ရန်ခန့်မှန်းထားပြီး ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် တင်ပို့ခဲ့သည့် ပဲပုတ်စေ့တန်ချိန် ၇၇၀,၃၀၀ တန်နှင့် နှိုင်းယှဉ်ပါက ၁၉၆ ရာခိုင်နှုန်း ပိုမိုတိုးတက်နိုင်ကြောင်း၊ ယခုနှစ်အောက်တိုဘာလတွင် ပဲပုတ်စေ့တန်ချိန် ၂.၉၈၅ သန်း

အား တင်ပို့ထားပြီး ၂၀၂၁ ခုနှစ် နှစ်ကုန်ဆုံးပါက စုစုပေါင်း ပဲပုတ်စေ့တန်ချိန် ၈၄.၂၄၁ သန်းအထိ တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း ဘရာဇီးလ်နိုင်ငံ နှံစားသီးနှံတင်ပို့သူများအသင်း (National Association of Cereal Exporters – Anec) က ပြောကြားခဲ့သည်။ ပဲပုတ်စေ့ထုတ်ကုန် တင်ပို့မှုအနေဖြင့် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလအတွင်း ပဲပုတ်စေ့ စားသောက်ကုန်တန်ချိန် ၁.၂၄၆ သန်းအား တင်ပို့ရန်ခန့်မှန်းထားကြောင်း၊ ယခင်နှစ်ကာလတူတွင် တန်ချိန် ၁.၃၁၇ သန်း တင်ပို့နိုင်ခဲ့ကြောင်း၊ ယခုနှစ် အောက်တိုဘာလတွင် ပဲပုတ်စေ့တန်ချိန် ၁.၃၃၇ သန်း တင်ပို့ခဲ့ကြောင်းနှင့် ၂၀၂၁ ခုနှစ် တစ်နှစ်လုံးအတွက် တန်ချိန်စုစုပေါင်း ၁၅.၃၃၈ သန်း တင်ပို့ရန်မျှော်မှန်း ထားကြောင်း အသင်းကပြောကြားခဲ့သည်။

သတင်းရင်းမြစ် – canalrural.com.br ၊ noticiasagricolas.com.br (စီးပွားရေးသံမှူး–ဘရာဇီးလ်)

## ဟလာလနည်းစနစ်ဖြင့်ထုတ်လုပ်သည့် ကမ္ဘာ့အသားဈေးကွက်သည် ၂၀၂၄ ခုနှစ်တွင် ၁၈ ရာခိုင်နှုန်း အထိ ပိုမိုဖွံ့ဖြိုးတိုးတက်နိုင်




ဟလာလစနစ်ဖြင့်အသားထုတ်လုပ်သည့် ကမ္ဘာ့နိုင်ငံများတွင် ဘရာဇီးလ်နိုင်ငံသည် အကြီးမားဆုံးထုတ်လုပ်တင်ပို့သည့်နိုင်ငံဖြစ်ပြီး မူစလင်ကမ္ဘာ၏ စားသုံးရန်လက်ခံအသိအမှတ်ပြုမှုအား ရရှိထားသည်။ ဒီဇင်ဘာလ ၆ ရက်နေ့တွင် ဆောင်ပိုလိုမြို့၌ ကမ္ဘာလုံးဆိုင်ရာ ဟလာလနည်းစနစ်ဖြင့်ထုတ်လုပ်မှု ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည့် ဘရာဇီးလ် စီးပွားရေး ဖိုရမ်၏ပထမနေ့ဆွေးနွေးပွဲတွင် ဘရာဇီးလ်နိုင်ငံ၏ ဟလာလနည်းစနစ်ဖြင့်ထုတ်လုပ်ထားသော အသားများ၏ဈေးကွက်ရရှိမှုအခြေအနေနှင့် နိုင်ငံတကာဈေးကွက်များသို့ တိုးချဲ့ဝင်ရောက်နိုင်မှုဆိုင်ရာ အခြေအနေများနှင့်ပတ်သက်၍ အာရပ်–ဘရာဇီးလ် ကုန်သည်လုပ်ငန်းရှင်များအသင်း (Arab–Brazilian Chamber and Fambras–Halal) က ဆွေးနွေးခဲ့သည်။ အဆိုပါဆွေးနွေးပွဲတွင် ဟလာလနည်းစနစ်ဖြင့်ထုတ်လုပ်သည့် အမဲသားနှင့်ကြက်သား ထုတ်လုပ်မှုများနှင့် နိုင်ငံတကာဈေးကွက်အခြေအနေများအပြင် အလုပ်ကုန်ပစ္စည်းအမျိုးမျိုး၊ လူသုံးဆေးဝါးအမျိုးမျိုးနှင့် ခရီးသွားကဏ္ဍတို့အား ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့သည်။ ထို့အပြင် လက်ရှိအချိန်တွင် ဟလာလနည်းစနစ်ဖြင့်ထုတ်လုပ်ထားသည့် ထုတ်ကုန်ဈေးကွက်သည် အမေရိကန်ဒေါ်လာ ၄.၈ ထရီလီယံပမာဏအထိရှိနေပြီး ၂၀၂၄ ခုနှစ်တွင် လက်ရှိအခြေအနေထက် ၁၈ ရာခိုင်နှုန်း ပိုမိုတိုးတက်လာနိုင်ကြောင်း သုတေသနတွေ့ရှိချက် အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။ လေ့လာတွေ့ရှိမှုများအရ ဟလာလဈေးကွက်အရွယ်အစားနှင့် ဟလာလအစားအသောက်များစားသုံးသည့် စားသုံးသူဈေးကွက်သည် လာမည့်ဆယ်စုနှစ်အနည်းငယ်အတွင်း ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်ကြောင်း အာရပ်–ဘရာဇီးလ်ကုန်သည်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ သံအမတ်ကြီး Osmar Chohfi က ပြောကြားခဲ့သည်။

ကိုဗစ်–၁၉ ကူးဆက်ကပ်ရောဂါ မဖြစ်ပွားမီအချိန်က ဘရာဇီးလ်နိုင်ငံသည် ဟလာလအစားအသောက်များအား ကမ္ဘာ့ဈေးကွက်သို့ အများဆုံးတင်ပို့သည့်နိုင်ငံဖြစ်ကြောင်း ကမ္ဘာ့အစ္စလာမ်တိုင်းပြည်များ၏ စီးပွားရေးဆိုင်ရာအစီရင်ခံစာတွင် ဖော်ပြထားသည်။ ၂၀၁၉ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံမှ ဟလာလစားသောက်ကုန် အမေရိကန်ဒေါ်လာ ၁၆.၂ ဘီလီယံ တန်ဖိုးအား တင်ပို့ခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံသည် ဒုတိယအများဆုံး တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၄.၄ ဘီလီယံ တန်ဖိုးရှိခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။ ဘရာဇီးလ်နိုင်ငံသည် လက်ရှိအချိန်အထိ ဟလာလစားသောက်ကုန်များအား အများဆုံး ထုတ်လုပ်တင်ပို့သည့်နေရာတွင် ဆက်လက်ရပ်တည်လျက်ရှိပြီး အသားများအား အဓိကထုတ်လုပ်တင်ပို့လျက်ရှိကြောင်း၊ ဟလာလစားသောက်ကုန်များအပြင် အခြားထုတ်ကုန်များအား တိုးချဲ့ထုတ်လုပ်တင်ပို့နိုင်ရန် ဘရာဇီးလ်လုပ်ငန်းရှင်များက ကြိုးပမ်းလျက်ရှိကြောင်း ဘရာဇီးလ်နိုင်ငံဆိုင်ရာမူစလင်အသင်းချုပ် ဥက္ကဋ္ဌ Mohamed Zoghbi က ပြောကြားခဲ့သည်။ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၏ ကြိုးပမ်းမှုကြောင့် ဘရာဇီးလ်နိုင်ငံ၏ လယ်ယာထွက်ကုန်ပစ္စည်း ၄၅ မျိုးသည် နိုင်ငံပေါင်း ၁၅ နိုင်ငံတွင် ဈေးကွက်သစ်များ ရရှိခဲ့ကြောင်း၊ ထို့ကြောင့် ဘရာဇီးလ်နိုင်ငံ၏ကုန်သွယ်မှုတွင် ပို့ကုန်ပမာဏသိသိသာသာတိုးတက်ခဲ့ကြောင်း လယ်ယာစိုက်ပျိုးရေးဝန်ကြီး Tereza Cristina က ပြောကြားခဲ့သည်။

ဘရာဇီးလ်နိုင်ငံသည် မူစလင်ဘာသာဝင်များ အတွက် ဟလာလစားသောက်ကုန်များ အများဆုံးထုတ်လုပ်တင်ပို့နေသည့် နိုင်ငံအဖြစ်ဆက်လက်ရပ်တည်လျက်ရှိကြောင်း၊ ဟလာလနည်းစနစ်ဖြင့် ထုတ်လုပ်ထားသည့် အမဲသားနှင့်ကြက်သား

တင်သွင်းသည့် နိုင်ငံအချို့တွင် စျေးကွက်၏ ၇၅ ရာခိုင်နှုန်း အထိနေရာရရှိလျက်ရှိကြောင်း၊ ဘရာဇီးလ်နိုင်ငံသည် အစ္စလာမ့်စ် နိုင်ငံများအဖွဲ့ (Organization for Islamic Cooperation) ဝင်နိုင်ငံများသို့ ဟာလာထုတ်ကုန်များအား အဓိကတင်ပို့လျက် ရှိကြောင်း၊ စျေးကွက်အသစ်များရရှိနိုင်ရန်နှင့် ထုတ်ကုန်အမယ် သစ်များ တိုးချဲ့တင်ပို့နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ နိုင်ငံ ခြားရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်အရ ၂၀၁၉ ခုနှစ်မှ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလအထိ နိုင်ငံပေါင်း ၁၆၇ နိုင်ငံသို့ ဘရာဇီးလ် နိုင်ငံ၏ဟာလာထုတ်ကုန်များအားတင်ပို့နိုင်ခဲ့ကြောင်း ဝန်ကြီး Tereza Cristina ကပြောကြားခဲ့သည်။ ဘရာဇီးလ်နိုင်ငံ၏ ဟာလာထုတ်ကုန် တင်သွင်းသည့်နိုင်ငံများစာရင်းတွင် အီဂျစ် နိုင်ငံသည် ထိပ်ဆုံးတွင်ရပ်တည်လျက်ရှိပြီး ဘရာဇီးလ်နိုင်ငံ က ပဲအမျိုးမျိုး၊ ကြက်သား၊ ဆိတ်နှင့်သိုးအရှင်များ၊ နွားကလေး အသားနှင့် နို့ထွက်ပစ္စည်းအမျိုးမျိုးတို့ကို တိုးချဲ့တင်ပို့လျက် ရှိကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှအောက်တိုဘာလအထိ အာရပ်နိုင်ငံက အမေရိကန်ဒေါ်လာ ၈၈၂.၆၆ သန်းတန်ဖိုး အား ဘရာဇီးလ်နိုင်ငံမှဝယ်ယူတင်သွင်းခဲ့ကြောင်း၊ စားသောက် ကုန်ပစ္စည်းများအား အဓိကတင်သွင်းခဲ့ကြောင်း ဝန်ကြီးကပြော ကြားခဲ့သည်။

သတင်းရင်းမြစ် – canalrural.com.br (စီးပွားရေးသံမှူး–ဘရာဇီးလ်)

## ဂျပန်အစိုးရ၏ မူဝါဒပိုင်းချမှတ်ပံ့ပိုးဆောင်ရွက်မှုများ

ဂျပန်အစိုးရသည် မကြာခဏဖြစ်ပွားတတ်သော ငလျင် ဘေးအန္တရာယ်နှင့် ရေကြီးရေလျှံမှုစသည့် သဘာဝဘေး အန္တရာယ်များမှကာကွယ်ရန်၊ ပြည်သူများ၏ အသက်အိုး အိမ်စည်းစိမ်များကို ဘေးကင်းလုံခြုံစေရန်၊ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါ၏ သက်ရောက်မှုမှ တုန့်ပြန်နိုင်ရန်နှင့် ကာ ကွယ်ထိန်းချုပ်နိုင်ရန်၊ နိုင်ငံ၏စီးပွားရေးထိခိုက်မှုနှင့် ငွေကြေး စျေးကွက်အခြေအနေ တည်ငြိမ်စေရန်၊ ပြည်သူတို့၏အလုပ် အကိုင် အခြေအနေများ တည်ငြိမ်ကောင်းမွန်စေရန်တို့ကို ရည် မှန်းချက်ထားကာ အစီအမံများ ချမှတ်ဆောင်ရွက်နေပါသည်။ ထို့အပြင် အစိုးရအနေဖြင့် "Overview of Efforts to Ensure Peace of Mind in Preparation for the Next Spread of COVID-19 Infections" ကို အခြေခံ၍ COVID-19 ထပ်မံ ကူးစက်ပြန့်ပွားမှု တားဆီးထိန်းချုပ်ရေး အစီအမံများဖြစ်သည့် ကာကွယ်ဆေးထိုးနှံမှုကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ ရောဂါပိုး စစ်ဆေးမှုအား ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခြင်း၊ ရောဂါ ကုသမှု လုပ်ငန်းဆောင်ရွက်ချက်များကို ပိုမိုထိရောက်မှုရှိစေ ရန်ပြင်ဆင်ခြင်းစသည်တို့ကို ဆောင်ရွက်ရန် အစိုးရမှ နိုဝင်ဘာ လ ၁၂ ရက်နေ့တွင် ဆုံးဖြတ်ချက်ချမှတ်ကာစတင် ဆောင် ရွက်ခဲ့ပါသည်။ ထပ်မံကူးစက်လာနိုင်အန္တရာယ်ကို အဆိုးဆုံး အနေအထားဖြင့် ကြိုတင်ရည်မှန်းကာ လိုအပ်သည်များ ပြင် ဆင်ခြင်း၊ ရောဂါပိုးထပ်မံကူးစက်မှုမြင့်တက်လာခြင်းမှ ရှောင် ရှားနိုင်ရန် ရောဂါပိုးရှာဖွေစစ်ဆေးခြင်းကို တိုးမြှင့်ဆောင် ရွက်ခြင်းတို့ဖြင့် ပြည်သူများ၏နေ့စဉ်ဘဝနှင့် စီးပွားရေးလုပ် ငန်း ဆောင်ရွက်ချက်များကို လူနေမှုပုံစံသစ်နှင့်အညီ အသား တကျနေထိုင်နိုင်ရေးကို ရှေ့ရှုဆောင်ရွက်နေပါသည်။ ပြည်တွင်း နှင့်ပြည်ပတွင် ကိုရိုနာကပ်ရောဂါပြန့်ပွားမှု အခြေနေများ၊ ပြည်တွင်းနှင့်ပြည်ပနိုင်ငံများ၏ စီးပွားရေးအလားအလာများ၊ နိုင်ငံသားတို့အပေါ် အကျိုးသက်ရောက်မှုများ စသည်တို့ကို စနစ်တကျ ချင့်ချိန်သုံးသပ်၍ နှောင့်နှေးမှုမရှိစေရန်ကြိုးပမ်း နေပါသည်။ ဂျပန်ဗဟိုဘဏ်မှလည်း စီးပွားရေးလုပ်ငန်းများ လည်ပတ်မှုအဆင်ပြေစေရန်နှင့် ဘဏ္ဍာရေးစျေးကွက်တည် ငြိမ်မှုရှိစေရန် ငွေကြေးမူဝါဒများကို အတတ်နိုင်ဆုံးဖြေလျှော့ ပေးခြင်းဖြင့် ပံ့ပိုးပေးနေပါသည်။ အစိုးရမှလည်း ဂျပန်ဗဟို ဘဏ်အနေဖြင့် ကူးစက်ရောဂါ၏ နိုင်ငံ၏စီးပွားရေးအပေါ် သက်ရောက်မှုများကို အလေးထားဆောင်ရွက်ရန်၊ သင့်လျော် သည့် ငွေကြေးမူဝါဒစီမံခန့်ခွဲမှုကို ကြီးကြပ်ဆောင်ရွက်ရန်နှင့် ပြည်တွင်းစီးပွားရေးဆောင်ရွက်ချက်အနေအထား အပေါ်မူ တည်၍ ကုန်စျေးနှုန်းတည်ငြိမ်မှုနှင့် ငွေကြေးစျေးကွက်အခြေ အနေများကို တည်ငြိမ်မှုရှိစေရေး ကြိုးပမ်းဆောင်ရွက်သွား ရန် မျှော်မှန်းထားပါသည်။

ဂျပန်အစိုးရအနေဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများအားလုံး မျှဝေခံစားနိုင်မည့် အစီအမံတစ်ခုအဖြစ် "Economic Measures for Overcoming Coronavirus Infections and Opening Up a New Era" ကို နိုဝင်ဘာလ ၁၆ ရက်နေ့တွင် အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ချမှတ်ဖော် ဆောင်သွားမည်ဖြစ်ကြောင်းသိရပါသည်။ အဆိုပါ အစီအမံ အရ ၂၀၂၂ ဘဏ္ဍာနှစ်အတွက် ထပ်ဆောင်းဘတ်ဂျက်ကို လွှတ်တော်တွင် မြန်ဆန်စွာအတည်ပြုချက်ရယူကာ အကောင် အထည် ဖော်နိုင်ရေးကြိုးပမ်းနေပါသည်။ တစ်ချိန်တည်းမှာ ပင် အစိုးရသည် ရောဂါပိုးကူးစက်ပြန့်ပွားခဲ့မှု၏ သက်ရောက် မှုကြောင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများအပေါ် ထိခိုက်မှု၊ ပြည်သူများ၏ လူနေမှုဘဝတွင် အကျပ်အတည်းများကြုံတွေ့ ရမှုတို့ကို လျော့ပါးစေရန် အခြားသောအရန် ရန်ပုံငွေများနှင့် ငွေကြေးအရင်းအမြစ်များကို အသုံးချကာ ပံ့ပိုးပေးသွားမည် ဖြစ်ကြောင်း သိရပါသည်။ ထို့အပြင် ဂျပန်နိုင်ငံ၏ ၂၀၂၂ ဘဏ္ဍာရေးနှစ်အတွက် ကနဦးဘတ်ဂျက်အဖြစ် ယန်း ၁၀၇ ထရီလီယံ (အမေရိကန်ဒေါ်လာ ၉၅၀ ဘီလီယံ) ကျော်ထိ လျာထားမည်ဖြစ်ကြောင်း၊ ၎င်းပမာဏသည် ၁၀ စု နှစ်တာ

ကာလအတွင်း အမြင့်ဆုံးလျှာထားချက်ဖြစ်ကြောင်း၊ လူမှုဖူလုံရေး၊ အမျိုးသားလုံခြုံရေးနှင့်ကာကွယ်ရေးအတွက် သုံးစွဲမည့် ကုန်ကျစရိတ်များကို ချင့်တွက်ကာ ယခုကဲ့သို့ များပြားသည့် ဘတ်ဂျက်ငွေကို လျှာထားခြင်းဖြစ်ကြောင်း အစိုးရမှ နိုဝင်ဘာလကုန်ခန့်က ထုတ်ပြန်ခဲ့ပါသည်။ လက်ရှိ ၂၀၂၁ ဘဏ္ဍာနှစ်တွင်လျှာထား ရန်ပုံငွေ စုစုပေါင်း ယန်း ၁၀၆.၆၁ ထရီလီယံခန့်ရှိပြီး COVID-19 ကူးစက်ပြန့်ပွားမှုအတွက် ကြိုတင်ပြင်ဆင်ရန် အရန်ဘတ်ဂျက်အဖြစ် ယန်း ၅ ထရီလီယံကို လျှာထားပြီး အဆိုပါရန်ပုံငွေကို လွှတ်တော်၏ ခွင့်ပြုချက်ရယူရန်မလိုအပ်ဘဲ အသုံးပြုနိုင်ရန် ဆုံးဖြတ်အတည်ပြုထားပါသည်။

Source: (စီးပွားရေးသံမှူး-ဂျပန်)

## ဩစတြေးလျနိုင်ငံ Incitec Pivot Ltd. က Gibson Island စက်ရုံကို ပိတ်သိမ်းရန် စီစဉ်နေသောကြောင့် ဓာတ်မြေသြဇာဈေးနှုန်းများ မြင့်တက်

ဩစတြေးလျ၏ အကြီးဆုံးဓာတ်မြေသြဇာ စက်ရုံများအနက် တစ်ခုဖြစ်သည့် Gibson Island စက်ရုံကို Incitec Pivot Ltd. က ကမ္ဘာ့ဓာတ်မြေသြဇာဈေးနှုန်းများ မြင့်တက်နေသည့်ကြားက ပိတ်သိမ်းရန်စီစဉ်လျက်ရှိကြောင်း သိရှိရပါသည်။ သဘာဝဓာတ်ငွေ့ကဲ့သို့ အဓိကကုန်ကြမ်းပစ္စည်းများ၏ ကုန်ကျစရိတ်မြင့်တက်လာခြင်းသည် ဘရစ်ဘိန်းမြို့ရှိ Incitec Pivot Ltd. ၏ Gibson Island စက်ရုံအတွက် အကြပ်အတည်းများကို ဖြစ်ပေါ်စေပါသည်။ ကုမ္ပဏီအနေဖြင့် များစွာကြိုးပမ်းခဲ့သော်လည်း၊ စီးပွားရေးအရအလားအလာရှိသောရေရှည်ဓာတ်ငွေ့ထောက်ပံ့မှုကိုရယူနိုင်ခြင်းမရှိခဲ့ကြောင်း ထုတ်ဖော်ပြောကြားထားပါသည်။ နှစ် ၅၀ ကျော်ကြာလည်ပတ်ပြီးနောက် Gibson Island ထုတ်လုပ်ရေးစက်ရုံကို ပိတ်သိမ်းရန် ဆုံးဖြတ်ချက်သည် ဝန်ထမ်း ၁၇၀ အထိသက်ရောက်မှုရှိမည်ဟု မျှော်လင့်ရသည်။ ကုမ္ပဏီသည် ၂၀၂၂ ခုနှစ်ကုန်တွင် သဘာဝဓာတ်ငွေ့ဖြင့် ထုတ်လုပ်မှုကို ရပ်ဆိုင်းမည်ဟု ပြောကြားခဲ့သော်လည်း အစိမ်းရောင်အမိုးနီးယားဖြင့် ထုတ်လုပ်နိုင်မည့် အလားအလာကို ရှာဖွေနေပါသည်။ အဆိုပါ စက်ရုံသည် ဆယ်စုနှစ်များစွာကြာအောင် သဘာဝဓာတ်ငွေ့မှ ဓာတ်မြေသြဇာထုတ်ကုန်များကို ပြောင်းလဲထုတ်လုပ်လျက်ရှိပြီး၊ နှစ်စဉ်အမိုးနီးယားတန်ချိန် ၃၀၀,၀၀၀၊ ယူရီးယား တန်ချိန် ၂၈၀,၀၀၀ နှင့် အမိုးနီးယား တန်ချိန် ၂၀၀,၀၀၀ ထုတ်လုပ်နိုင်စွမ်းရှိကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် ပြီးခဲ့သည့်အောက်တိုဘာလအတွင်း နိုင်ငံတွင်းဖော့စပိတ် ထုတ်လုပ်မှုနှင့် တင်ပို့မှုကိုကန့်သတ်လိုက်ခြင်းနှင့် မကြာသေးမီက ရုရှားနိုင်ငံက ဓာတ်မြေသြဇာအမျိုးမျိုးတင်ပို့မှုအတွက် ခြောက်လခွဲတမ်းစည်းကြပ်ရန် စီစဉ်မှုတို့က ဩစတြေးလျ လယ်သမားများအတွက် ပိုမိုဆိုးရွားသည့် အခြေအနေသို့ ရောက်ရှိစေပါသည်။ ဩစတြေးလျ ဂျုံစိုက်တောင်သူများသည် ဂျုံ ၂.၈ တန်ထုတ်လုပ်ရှိရန်အတွက် ဒိုင်ယမ်မိုနီယမ် ဖော့စဖိတ် (Diammonium Phosphate – DAP) တစ်တန်ကို ဝယ်ယူရန် လိုအပ်ပါသည်။ လာမည့်နှစ်တွင် လယ်သမားတစ်ဦးအတွက် အကြီးမားဆုံးအန္တရာယ်မှာ စိုက်ပျိုးရေးသွင်းအားစုကို ဈေးကြီးပေးဝယ်၍ စိုက်ပျိုးရရှိသည့် ကောက်ပဲသီးနှံအတွက် မြင့်မားသောဈေးနှုန်းပြန်လည်ရရှိမှု မသေချာခြင်းဖြစ်ပါသည်။ ဓာတ်မြေသြဇာထုတ်လုပ်မှုလုပ်ငန်းတွင်ရင်ဆိုင်နေရသော အကြီးမားဆုံးပြဿနာတစ်ခုမှာ အမိုးနီးယားထုတ်လုပ်မှုအတွက် အဓိကသွင်းအားစုဖြစ်သည့် သဘာဝဓာတ်ငွေ့ကုန်ကျစရိတ်ဖြစ်သည်။ လောင်စာဆီ ဝယ်လိုအားတဟုန်ထိုးမြင့်တက်လာမှုကြောင့် မကြာသေးမီသီတင်းပတ်များအတွင်း သဘာဝဓာတ်ငွေ့ဈေးနှုန်းများ မြင့်မားလာခဲ့ကြောင်း သိရှိရပါသည်။

Source: www.abc.net.au (စီးပွားရေးသံမှူး-ဩစတြေးလျ)

## ဩစတြေးလျ လယ်ယာထွက်ကုန်ထုတ်လုပ်မှု ယခုဘဏ္ဍာရေးနှစ်တွင် စံချိန်ချိုးမည်

ဩစတြေးလျ စိုက်ပျိုး၊ မွေးမြူရေးနှင့်အရင်းအမြစ်စီးပွားရေးဗျူရို (Australian Bureau of Agricultural and Resource Economics –ABARES) အရ ဩစတြေးလျ လယ်သမားများသည် ၎င်းတို့၏အစားအစာနှင့် အမျှင်ဓာတ်ထုတ်လုပ်မှု တန်ဖိုးနှင့်ပမာဏသည် သမိုင်းဝင် အမြင့်ဆုံးသို့ ရောက်ရှိသွားသည့်အတွက် ယခုဘဏ္ဍာရေးနှစ်တွင် စံချိန်ချိုးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ ကောက်ပဲသီးနှံဈေးနှုန်းမြင့်တက်ခြင်းနှင့် မွေးမြူရေးထုတ်ကုန်ရောင်းချမှုတွင် မကြုံစဖူးသော ဈေးနှုန်းများ တစ်နှစ်ပတ်လုံးရရှိခြင်းနှင့်အတူ ABARES မှ လေ့လာဆန်းစစ်သူများသည် ၎င်းတို့၏ စုစုပေါင်းလယ်ယာထွက်ကုန် ထုတ်လုပ်ရရှိမှု ခန့်မှန်းချက်ကို ယခုဘဏ္ဍာရေးနှစ်တွင် ဩစတြေးလျဒေါ်လာ ၇၈ ဘီလီယံအထိမြှင့်တင်ခဲ့သည်။ ထို့အပြင် တင်ပို့မှုတွင်လည်း စံချိန်တင်ဒေါ်လာ ၆၁ ဘီလီယံအထိ ရှိလာမည်ဟု ခန့်မှန်းထားပါသည်။ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအတွက် ပြိုင်ဖက်နိုင်ငံများဖြစ်သည့် ကနေဒါ၊ ရုရှား၊ ယူကရိန်း၊ အာဂျင်တီးနား၊ ဘရာဇီးလ်နှင့် အမေရိကန်နိုင်ငံတို့ရှိ တွေ့ကြုံရသည့် ရာသီအလိုက် ညံ့ဖျင်းသောအခြေအနေများက ဩစတြေးလျ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအတွက် ကောင်းမွန်သောအခွင့်အလမ်းကို ဖြစ်ပေါ်စေပါသည်။ ထိုအခြေအနေများက ဂျုံ၊ မုယောနှင့်

ကာနိုလာ ထောက်ပံ့မှုကို နှောင့်နှေးစေပြီး၊ ဈေးနှုန်းများကို မြင့်တက်စေပါသည်။ နယူးဆောက်ဝေးလ်နှင့် ကွင်းစလန် ပြည်နယ်တို့တွင် မကြာသေးမီက မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့သော်လည်း ထုတ်လုပ်မှုပမာဏကို ဆိုးဆိုးရွားရွား ထိခိုက်ခြင်းမရှိပေ။ စိုစွတ်သောရာသီဥတု၏ အဓိကသက်ရောက်မှုမှာ လူမှတိရစ္ဆာန်အဆင့်အထိ အစားအစာဖြစ်သည့် သီးနှံအရည်အသွေးကို အဆင့်နိမ့်စေခြင်းဖြစ်ပါသည်။




**ဩစတြေးလျနိုင်ငံ စိုက်ပျိုးထုတ်လုပ်မှု**

အရှေ့ဘက်ကမ်းရိုးတန်းရှိ လာနီယာအခြေအနေများသည် လယ်သမားများအတွက် နောက်ထပ်နှစ်ကောင်းတစ်နှစ်အဖြစ် ၂၀၂၂ ခုနှစ်တွင် ထူထောင်နိုင်မည်ဖြစ်ပြီး၊ မြေဆီလွှာကို အစိုဓာတ်ဖြည့်ပေးကာ စိုက်ပျိုးရေကုန်ကျစရိတ် နည်းပါးစေခြင်းဖြင့် မွေးမြူရေးအတွက် အစာရေစာ များများရရှိစေမည်ဖြစ်သည်။ သို့သော်လည်း လယ်သမားများသည်လောင်စာဆီ၊ ဓာတ်မြေဩဇာနှင့်လယ်ယာသုံး ဓာတုဗေဒပစ္စည်းများ ဈေးနှုန်းများ မြင့်တက်နေသဖြင့် ၎င်းတို့၏ သီးနှံများ စိုက်ပျိုးရန် ဈေးနှုန်းကြီးမြင့်မှုနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ ယင်းသို့ အခြေအနေများရှိသော်လည်း ABARES သည် ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ပမာဏကြီးမားသော အစားအစာနှင့် အမျှင်ဓာတ်ထုတ်လုပ်မှုကို ဒေါ်လာ ၃၀.၆ ဘီလီယံအထိ စံချိန်တင်ရရှိရန် ခန့်မှန်းထားပါသည်။ အစားအသောက်နှင့် လယ်ယာစီးပွားရေးဘဏ်မှ ကျွမ်းကျင်သူများက ယင်းသည် အစားအသောက် ဈေးနှုန်းများ ဖောင်းပွလာကာ လူမှုရေးမငြိမ်သက်မှုများ ဖြစ်ပေါ်လာနိုင်သည်ဟုသတိပေးထားသည်။

Source: www.abc.net.au (စီးပွားရေးသံမှူး- ဩစတြေးလျ)

## ဩစတြေးလျ သရက်သီးကို စပိန်စားသုံးသူများ နှစ်သက်လျက်ရှိ



**The Lady Jane သရက်သီး အမျိုးအစားပုံ**

ဩစတြေးလျ မြောက်ပိုင်းနယ်မြေတွင် စတင်စိုက်ပျိုးခဲ့သော သရက်သီးမျိုးကွဲမှာ ယခုအခါ စပိန်နိုင်ငံတွင် စီးပွားဖြစ်စိုက်ပျိုးရောင်းချလျက်ရှိကြောင်း ABC သတင်းဌာနသတင်းအရ သိရှိရပါသည်။ Katherine အခြေစိုက် သရက်သီးစိုက်ပျိုးသူ Ken Rayner က The Lady Jane (RA–17) သရက်သီး မျိုးကွဲအသစ်ကို ၂၀၁၃ ခုနှစ်တွင် စတင် စိုက်ပျိုးခဲ့ရာ နောက်ပိုင်း တွင်စိုက်ပျိုးထုတ်လုပ်သူများစွာက အဆိုပါ သရက်သီးမျိုးကွဲကို စိုက်ပျိုးထုတ်လုပ်ကာ ပြည်ပနိုင်ငံဈေးကွက်များသို့ တင်ပို့ရောင်းချလျက်ရှိပါသည်။ ယခုအခါ အဆိုပါ သရက်သီးမျိုးကွဲကို ဩစတြေးလျနိုင်ငံထက် စပိန်နိုင်ငံတွင် စီးပွားဖြစ် စိုက်ပျိုးမှုပိုမိုများပြားလာပြီး၊ ယခုနှစ်မှာ စပိန်နိုင်ငံတွင်ပထမဆုံးခူးဆွတ်မည့် ရာသီဖြစ်ကြောင်း သိရှိရပါသည်။ ဩစတြေးလျနိုင်ငံတွင် သရက်သီးခူးဆွတ်ပြီး (၄) ရက်အကြာမှ စားသုံးသူ လက်ထဲရောက်ရှိသော်လည်း စပိန်နိုင်ငံတွင် ခူးဆွတ်ပြီး (၂၄) နာရီအတွင်း ရောင်းချနိုင်ခြင်းမှာ အားသာချက်တစ်ရပ်ဖြစ်ပါသည်။ The Lady Jane သရက်သီး အပါအဝင် Ken Rayner ၏ သရက်သီးမျိုးကွဲများသည် ဘရာဇီး၊ အစ္စရေး၊ မော်ရိုကို၊ အီဂျစ်၊ အမေရိကန်နှင့် ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံပေါင်း (၁၀) နိုင်ငံကျော်တွင် PBR (Plant Breeders Rights) မှတ်ပုံတင်ခြင်းကို ရရှိထားသည့်အပြင် Ken ၏ သီးသန့် သရက်သီးအဖြစ် အသိအမှတ်ပြုခြင်း ခံထားရပါသည်။ Ken Rayner စိုက်ပျိုးခဲ့သော သရက်သီး အမျိုးအစား အမျိုးမျိုးအနက် The Lady Jane မှာ အကောင်းဆုံး အဆင့်အတန်း ဖြစ်ကြောင်း သိရှိရပါသည်။

Source: www.abc.net.au (စီးပွားရေးသံမှူး- ဩစတြေးလျ)

## ဂျာမနီနိုင်ငံတွင် ကုန်စည်ပြပွဲများကျင်းပမှုအခြေအနေ

ဂျာမနီနိုင်ငံတွင် ကုန်စည်ပြပွဲများကျင်းပရန်စီစဉ်လျာထားမှုများမှာ ကိုရိုနာဗိုင်းရပ်စ် စတုတ္ထလှိုင်းဖြစ်ပွားမှုကြောင့်

နေ့စဉ်ရောဂါဖြစ်ပွားတွေ့ရှိမှုနှုန်းများ ပြန်လည်မြင့်တက်လာပြီး သက်ဆိုင်ရာဖက်ဒရယ်ပြည်နယ်အစိုးရများက ပြည်နယ်အတွင်းမြို့ကြီးများတွင်ကုန်စည်ပြပွဲများ ကျင်းပရန်စီစဉ်ဆောင်ရွက်ထားမှုများကို ဖျက်သိမ်းခြင်း၊ ရွှေ့ဆိုင်းခြင်းများပြုလုပ်ဆောင်ရွက်လာကြသကဲ့သို့ အချို့ပြည်နယ်များတွင် မူလအစီအစဉ်အတိုင်းဆက်လက်ကျင်းပရန် စီစဉ်ထားရှိပါသည်။ ၂၈.၁၁.၂၀၂၁ မှ ၄.၁၂.၂၀၂၁ ရက်နေ့အထိ တစ်နေ့ပျမ်းမျှ (၅၆၀၀၀) ကျော် ကူးစက်မှုအသစ်များရှိခဲ့ပြီး ၅.၁၂.၂၀၂၁ ရက်နေ့တွင် ကူးစက်မှု (၂၂၉၄၅)ဦး ရှိခဲ့ပါသည်။

**International Green Week ကုန်စည်ပြပွဲ**

Green Week ကုန်စည်ပြပွဲသည် ၁၉၂၆ ခုနှစ်ကတည်းကပင် ဘာလင်မြို့တွင်ကျင်းပလာခဲ့ပြီး ကမ္ဘာ့အကြီးဆုံး အစားအစာ၊ စိုက်ပျိုးရေးနှင့် ဥယျာဉ်ခြံထွက်ကုန်များဆိုင်ရာ နိုင်ငံတကာ ကုန်စည်ပြပွဲတစ်ခုဖြစ်သကဲ့သို့ အစားအစာနှင့် စိုက်ပျိုးရေးကဏ္ဍများဆိုင်ရာ ကမ္ဘာ့ဖိုရမ်ကြီး (Global Forum for Food and Agriculture–GFFA) ကျင်းပရာ မူလအစအခြေပြုခဲ့သည့် ပြပွဲတစ်ခုလည်း ဖြစ်သည်။ ၂၀၂၁ ခုနှစ်အတွက် Green Week ပွဲတော်ကို ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကူးစက်ဖြစ်ပွားမှုကြောင့် ပထမဦးဆုံးအကြိမ် Virtual Event အနေဖြင့် (၁၃) ကြိမ်မြောက် GFFA ဆွေးနွေးပွဲများအပါအဝင် ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၈ ရက် မှ ၂၂ ရက်နေ့အထိ ကျင်းပခဲ့ပါသည်။ ၂၀၂၂ခုနှစ် Green Week ပြပွဲကို ဇန်နဝါရီ ၂၁ ရက်မှ ၃၀ ရက်နေ့အထိ ကျင်းပရန် စီစဉ်ဆောင်ရွက်ထားရှိရာ ယခုအခါ ဘာလင်မြို့တော်အစိုးရ၏ ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဆိုင်ရာ ထိန်းချုပ်ကန့်သတ်မှုများကြောင့် On Site ပြပွဲကျင်းပမှုကို ဖျက်သိမ်းပြီး Virtual Event အနေဖြင့် (၁၄) ကြိမ်မြောက် GFFA ဆွေးနွေးပွဲများကို ဇန်နဝါရီ ၂၄ ရက် မှ ၂၈ရက်နေ့အထိ ကျင်းပရန် စီစဉ်လျှက်ရှိပါသည်။ ဖိုရမ်အတွက် ဦးတည် ဆွေးနွေးမည့်ခေါင်းစဉ် အနေဖြင့် 'Sustainable farming: food security starts with the soil' ကို ရွေးချယ်ထားရှိပါသည်။ ၂၀၂၃ခုနှစ် Green Week ပြပွဲကို ဇန်နဝါရီ ၂၀ ရက် မှ ၂၉ ရက်နေ့ အထိကျင်းပရန် စီစဉ်လျာထားပါသည်။

**Fruit Logistica ပြပွဲ(world's leading trade fair for Fresh Fruit and Vegetable business)**

Fruit Logistica လတ်ဆတ်သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ပြပွဲကို နှစ်စဉ် ဖေဖော်ဝါရီလဆန်းပိုင်းတွင် Messe Berlin မှ ဦးဆောင်၍ ဘာလင်မြို့တွင်ကျင်းပလေ့ရှိပြီး လတ်ဆတ်သီးနှံများအပြင် အစေ့အဆံများ၊ ပြုပြင်အခြောက်ခံသစ်သီးများ၊ ပန်းများ၊ အေးခဲသီးနှံများနှင့် အော်ဂဲနစ်ထုတ်ကုန်များကိုလည်း ပါဝင်ပြသသည့်ပြပွဲဖြစ်သည်။ ၂၀၂၁ နှစ်တွင် ကိုရိုနာဗိုင်းရပ်စ် ရောဂါဖြစ်ပွားမှုကြောင့် ကျင်းပနိုင်ခြင်းမရှိခဲ့ဘဲ ၂၀၂၂ ခုနှစ်အတွက် ဖေဖော်ဝါရီလ ၉ ရက်နေ့မှ ၁၁ ရက်နေ့အထိ On Site ပြပွဲကျင်းပရန် စီစဉ်ထားရှိမှုအား ယခုအခါ ဘာလင်မြို့တော်အစိုးရ၏ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဆိုင်ရာ ထိန်းချုပ်ကန့်သတ်မှုများကြောင့် ပြပွဲကို ၂၀၂၂ ခုနှစ် ဧပြီလ ၅ ရက်နေ့မှ ၇ ရက်နေ့သို့ ရွှေ့ပြောင်းကျင်းပရန် စီစဉ်ထားပါသည်။ မြန်မာနိုင်ငံမှ မြန်မာရွှေသစ်သီးဝလံကုမ္ပဏီ (Myanmar Golden Produce–MGP)က ပါဝင်ပြသရန် စာရင်းပေးသွင်းထားပါသည်။

**Ambiente ကုန်စည်ပြပွဲ**

Ambiente ကုန်စည်ပြပွဲသည် ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့တွင် နှစ်စဉ်ဖေဖော်ဝါရီလတိုင်း Messe Frankfurt GmbH က စီစဉ်ကျင်းပသည့် လူ့အသုံးအဆောင်ပစ္စည်းအမျိုးမျိုး (Household Goods, Glasswares, Ceramics) ကို Living, Giving, Dining ဟူ၍ အပိုင်း (၃) ပိုင်း ခွဲခြားသတ်မှတ်ပြသသည့် ကမ္ဘာ့ထိပ်တန်းစာရင်းဝင် ကုန်စည်ပြပွဲကြီးဖြစ်သည်။ ၂၀၂၁ နှစ် အတွက် Ambiente ပြပွဲကို ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြစ်ပွားမှု ကြောင့် Consumer Goods Digital Day အဖြစ် Christmas world, Paper world နှင့် Creative world တို့နှင့်အတူ ၂၀၂၁ ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ ၂၀၂၂ ခုနှစ်အတွက် ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှ ၁၅ ရက်နေ့ထိ ကျင်းပရန်စီစဉ်ထားရှိပြီး Hessen ပြည်နယ် အစိုးရက 2G+ rules (with proof of vaccination or proof of convalescence and for both with proof of negative test) ဖြစ်သည့် ကာကွယ်ဆေးထိုးပြီးခြင်း သို့မဟုတ် ရောဂါမှ ပြန်လည်သက်သာကောင်းမွန်လာခြင်းရှိရန် လိုသည့်အပြင် negative test ကိုပါပြသနိုင်ခြင်း စည်းမျဉ်းသတ်မှတ်ချက်နှင့်အညီ ကျင်းပရန်ခွင့်ပြုထားရှိပါသည်။ အဆိုပါ ကန့်သတ်ချက်များမှာ ရောဂါဖြစ်ပွားမှုနှုန်းများပေါ်မူတည်၍ အပြောင်းအလဲများ လည်းရှိနိုင်ပါသည်။ ၂၀၂၂ ခုနှစ် Ambiente သို့ နိုင်ငံ (၇၄) နိုင်ငံမှပြပွဲပြသသူ (၂၄၀၀) ကျော် လာရောက်ပြသရန် စာရင်းပေးသွင်းထားကြောင်း သိရှိရပါသည်။

**BIOFACH အော်ဂဲနစ်ထုတ်ကုန်ပြပွဲ(world's leading trade show for organic food and non-food products)**

၁၉၉၀ ခုနှစ်မှစတင်၍ နှစ်စဉ် ဖေဖော်ဝါရီလအတွင်း နူရင်ဘတ်မြို့တွင် ကျင်းပသော ကမ္ဘာ့ထိပ်တန်းအော်ဂဲနစ်ထုတ်ကုန်ပြပွဲကြီးဖြစ်ပြီး နိုင်ငံအနှံ့အပြားမှအော်ဂဲနစ်ထုတ်ကုန်များ စုဝေးရာနေရာတစ်ခုဖြစ်သည်။ ၂၀၂၁ နှစ်တွင် ကိုရိုနာဗိုင်းရပ်စ် ရောဂါဖြစ်ပွားမှုကြောင့် Digital Event အဖြစ် ပြောင်းလဲကျင်းပခဲ့ရာ Digital Event တွင် မြန်မာကုန်သွယ်မှုမြှင့် တင်ရေးအဖွဲ့၏ Digital Profileကို မြန်မာထုတ်ကုန်များ၏ Pro-

file များ၊ ဓာတ်ပုံနှင့်ဗီဒီယိုများပါဝင်၍ ပြသခဲ့ပါသည်။ ၂၀၂၂ ခုနှစ် Biofach ပြပွဲကို ဖေဖော်ဝါရီလ ၁၅ ရက် နေ့မှ ၁၈ ရက် နေ့အထိ Messe Nuremberg တွင် Vivaness natural cos-metic ပြပွဲနှင့်အတူကျင်းပရန် စီစဉ်ထားရှိပြီး Bavaria ပြည်နယ်အစိုးရက on site နှင့် on line နှစ်မျိုးပြသရန် ခွင့်ပြုပေးထားပါသည်။ မြန်မာနိုင်ငံမှ အော်ဂဲနစ်လက်ဖက်ခြောက်နှင့် လက်ဖက်စိုများ ထုတ်လုပ်တင်ပို့နေသည့် ကုမ္ပဏီများဖြစ်သည့် Power Mawshan Co.,က on site အနေဖြင့် လည်းကောင်း၊ Yatha Waddi Co., က on line ဖြင့် လည်းကောင်း Organic Africa Pavilion တွင် ပါဝင်ပြသရန်စာရင်း ပေးသွင်းထားပါသည်။

sources: https://www.fruitlogistica.com/

https://www.biofach.de/en

https://ambiente.messefrankfurt.com/frankfurt/en.html

https://www.gruenewoche.de/en/ (စီးပွားရေးသံမှူး- ဂျာမနီ)

## ဗြိတိန်နိုင်ငံက တောင်အာဖရိကနိုင်ငံမှ ပန်းသီးနှင့် သစ်တော်သီးများ ဝယ်ယူမှုပိုမိုမြင့်တက်ခဲ့




ဗြိတိန်နိုင်ငံမှ တောင်အာဖရိကနိုင်ငံ၏ ပန်းသီးနှင့် သစ်တော်သီးများဝယ်ယူလိုမှုမြင့်တက်ခဲ့ကြောင်း၊ ဗြိတိန်နိုင်ငံမှထုတ်ပြန်ချက်အရ ယခုနှစ်တွင် တောင်အာဖရိကနိုင်ငံမှ ပစ္စည်းတင်သွင်းမှု ၃၅ ရာခိုင်နှုန်းအထိမြင့်တက်ခဲ့ကြောင်း၊ တောင်အာဖရိကနိုင်ငံမှပန်းသီး အမေရိကန်ဒေါ်လာ ၆.၁ သန်းဖိုးတင်သွင်းခဲ့ကြောင်း၊ ဗြိတိန်နိုင်ငံသည် တောင်အာဖရိကနိုင်ငံ၏ပန်းသီးတင်ပို့မှုအတွက် တတိယအကြီးဆုံးပို့ကုန်တင်ပို့ရသည့် နိုင်ငံဖြစ်ကြောင်းသိရှိရပါသည်။ ဗြိတိန်နိုင်ငံသည် ဥရောပအဖွဲ့မှနုတ်ထွက်ခြင်းနှင့် ကိုဗစ်ကူးစက်ပြန့်ပွားမှု ရောဂါဖြစ်ပွားခဲ့ခြင်းများရှိသော်လည်း ၂၀၂၁ ခုနှစ်အတွင်း တောင်အာဖရိကနိုင်ငံတွင် စိုက်ပျိုးသောပန်းသီးနှင့် သစ်တော်သီးများစွာဝယ်ယူတင်သွင်းခဲ့ရသည်ကို တောင်အာဖရိကနိုင်ငံ သစ်သီးစိုက်ပျိုးသူများအသင်း၏ စာရင်းများအရသိရှိရကြောင်း၊ ဗြိတိန်နိုင်ငံအနေဖြင့် ဥရောပအဖွဲ့မှတရားဝင်နုတ်ထွက်မှု အစပိုင်းတွင် ပို့ကုန်နှင့်သွင်းကုန်များကျဆင်းခဲ့ပြီး အရေးကြီးကုန်စည်တစ်ချို့ဈေးနှုန်းများမြင့်တက်ခဲ့ကြောင်း၊ ထိုသို့ဖြစ်ပေါ်ရသည့် အကြောင်းတွင် ကိုဗစ်ရောဂါဖြစ်ပွားမှုကြောင့် ကမ္ဘာ့ထုတ်လုပ်မှု လုပ်ငန်းများထိခိုက်ခဲ့မှုကြောင့် ကုန်စည်ထောက်ပံ့ပို့ဆောင်မှုနှင့်ဝန်ဆောင်မှုလုပ်ငန်းများအတွက် စိန်ခေါ်မှုများစွာ ကြုံတွေ့ခဲ့ရခြင်းကြောင့်လည်းဖြစ်ကြောင်း သိရှိရပါသည်။ ၂၀၂၁ ခုနှစ်တွင် တောင်အာဖရိကနိုင်ငံမှ ပန်းသီးနှင့် သစ်တော်သီးများ ၉ ရာခိုင်နှုန်းတိုးမြှင့် တင်ပို့နိုင်ခဲ့ကြောင်း၊ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ပန်းသီးစက္ကူပုံးပေါင်း ၃၃ သန်းနှင့် သစ်တော်သီးစက္ကူပုံးပေါင်း ၁၅.၅ သန်းအထိတင်ပို့ခဲ့ရကြောင်း၊ ယခုနှစ်တွင် တောင်အာဖရိကနိုင်ငံမှ ဗြိတိန်နိုင်ငံသို့ ပန်းသီးစက္ကူပုံး ၆.၁ သန်းအထိတင်ပို့နိုင်ခဲ့ပြီး ဗြိတိန်နိုင်ငံသည် တောင်အာဖရိကနိုင်ငံ၏ ပန်းသီးတတိယအများဆုံး တင်ပို့နိုင်သည့် ဈေးကွက်အဖြစ်ရပ်တည်ခဲ့ကြောင်း၊ ဗြိတိန်နိုင်ငံသို့ ပန်းသီးတင်ပို့နိုင်မှုသည် တောင်အာဖရိကနိုင်ငံ၏ စုစုပေါင်းတင်ပို့နိုင်မှု၏ ၁၉ ရာခိုင်နှုန်းတင်ပို့နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်လျှင် ၃၆ ရာခိုင်နှုန်းတိုးမြှင့်တင်ပို့နိုင်ခဲ့ခြင်းဖြစ်ကြောင်းသိရှိရပါသည်။

Hortgro ကုမ္ပဏီ၏ ကုန်သွယ်မှုနှင့်ဈေးကွက်ဌာန အထွေထွေမန်နေဂျာဖြစ်သူ Jacques du Preez က တောင်အာဖရိက သစ်သီးစိုက်ပျိုးသူများအနေဖြင့် ကမ္ဘာ့ကုန်စည်ပို့ဆောင်ရေးကွင်းဆက် တစ်လျှောက်ထိခိုက်မှုများရှိခြင်းနှင့် ဆိပ်ကမ်းများ၌ပို့ဆောင်မှုဆိုင်ရာပြဿနာများနှင့် ကြုံတွေ့ခဲ့ရသော်လည်း သီးနှံများကိုအခက်အခဲများကြားမှ အောင်မြင်စွာတင်ပို့နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ တောင်အာဖရိကပန်းသီးနှင့် သစ်တော်သီးများထွက်ရှိချိန်တွင် ဥရောပဒေသ၌ ရာသီချိန်မဟုတ်သည့်အတွက် ပန်းသီးများပိုမိုတင်ပို့နိုင်ခဲ့ခြင်းလည်း ဖြစ်ကြောင်း၊ ထိုသို့တင်ပို့နိုင်မှုကြောင့် တောင်အာဖရိကနိုင်ငံ၏ ကုန်စည်ဖွံ့ဖြိုးမှုတွင် စိုက်ပျိုးရေးကဏ္ဍကိုမြင့်တက်စေခဲ့ကြောင်း၊ သစ်သီးစိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းသည် ကျေးလက်ဒေသများတွင် အလုပ်အကိုင်အခွင့်အလမ်း ရေရှည်တည်တံ့စွာဖန်တီးပေးနိုင်ရေးအတွက် အရေးကြီးသကဲ့သို့ လူမှုဘဝမြင့်တင်ရေးအတွက်များစွာ အကျိုးပြုသောကဏ္ဍလည်း ဖြစ်ကြောင်းသိရှိရပါသည်။

Source: https://www.businessinsider. co.za/demand-for-south-african-pears-and-apples-is-on-the-rise-in-the-uk-2021-11 (စီးပွားရေးသံမှူး- တောင်အာဖရိက)

## တောင်အာဖရိကနိုင်ငံ၌ ဓါတ်မြေသြဇာဈေးနှုန်းများမြင့်တက်နေခြင်း




လွန်ခဲ့သော ၁၂ လအတွင်း ဓါတ်မြေသြဇာဈေးနှုန်းများလွန်စွာမြင့်တက်ခဲ့မှုကြောင့် စားသောက်ကုန်ဈေးနှုန်းများမြင့်တက်ခဲ့ရကြောင်း၊ ဓါတုဓါတ်မြေသြဇာမျိုးစုံ အမိုးနီးယား၊ ယူရီးယားနှင့် DAP အမျိုးအစားဓါတ်မြေသြဇာတို့၏ ဈေးနှုန်းများသည် ၂၀၀ ရာခိုင်နှုန်း၊ ၁၄၅ ရာခိုင်နှုန်းနှင့် ၈၀ ရာခိုင်နှုန်းအသီးသီးမြင့်တက်ခဲ့ကြောင်း၊ ထို့အပြင် ဓါတ်မြေသြဇာထုတ်လုပ်မှုတွင်အသုံးပြုသည့် သဘာဝဂက်စ် ဈေးနှုန်းသည်လည်း ၁၈၀ ရာခိုင်နှုန်းအထိမြင့်တက်ခဲ့ကြောင်းသိရှိရပါသည်။ ဓါတ်မြေသြဇာဝယ်လိုအား မြင့်တက်မှုနှင့် စိုက်ပျိုးရေးသွင်းအားစုများဈေးနှုန်းမြင့်တက်မှုသည် ဓါတ်မြေသြဇာဈေးနှုန်းမြင့်တက်ရသည့် အကြောင်းရင်းများဖြစ်ကြောင်း၊ ထို့အပြင်လယ်သမားများအနေဖြင့် ကုန်စည်ဈေးနှုန်းများမြင့်တက်မှုကြောင့်ဝင်ငွေပိုမိုရရှိသည့်အတွက် ဓါတ်မြေသြဇာ ပိုမိုဝယ်ယူအသုံးပြုရေးအတွက် တွန်းအားဖြစ်ခဲ့ကြောင်း၊ ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမြင့်တက်လာမှုသည် ဓါတ်မြေသြဇာထုတ်လုပ်နေသော စက်ရုံများအား ထုတ်လုပ်မှုကုန်ကျစရိတ်ပိုမိုမြင့်တက်စေသဖြင့် ဓါတ်မြေသြဇာလျော့နည်းထုတ်လုပ်ရန် (သို့မဟုတ်) ထုတ်လုပ်မှုကိုရပ်တံ့ရန် အခြေအနေရှိနေကြောင်း သိရှိရပါသည်။

အမေရိကန်နိုင်ငံ၌ တိုက်ခတ်ခဲ့သော ဟာရီကိန်းလေမုန်တိုင်းကြောင့် Louisiana မြို့ရှိ ဓါတ်မြေသြဇာစက်ရုံများ ပိတ်ထားရခြင်း၊ ယူရီးယားဓါတ်မြေသြဇာ၊ ဆာလရိတ်နှင့် ဖော့စဖိတ်အဓိကထုတ်လုပ်သောတရုတ်နိုင်ငံ၏ မကြာမီက ဓါတ်မြေသြဇာတင်ပို့မှုအပေါ် ပိုမိုတင်းကြပ်သည့် စစ်ဆေးမှုများပြုလုပ်ရန်မူဝါဒချမှတ်ခြင်း၊ အမေရိကန်နိုင်ငံ၏ မော်ရိုကိုနှင့် ရုရှားနိုင်ငံအပေါ် ၎င်းတို့အစိုးရ၏ အထောက်အပံ့ဖြင့် ထုတ်လုပ်နေသော ဓါတ်မြေသြဇာအပေါ် တန်ပြန်အခွန်ကောက်ခံခြင်းနှင့် အီးယူက ဘယ်လာရုစ်နိုင်ငံမှ Potash များတင်သွင်းမှုအား တားမြစ်ခြင်းများသည် ဓါတ်မြေသြဇာ ထုတ်လုပ်ဖြန့်ဖြူးခြင်းဈေးကွက်အပေါ် များစွာထိခိုက်လျက်ရှိကြောင်း သိရှိရပါသည်။ ဓါတ်မြေသြဇာဈေးနှုန်းများမြင့်တက်နေခြင်းနှင့် ထုတ်လုပ်မှုအကျပ်အတည်းများကြောင့် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံမှုသည်လာမည့်နှစ်တွင်အခက်အခဲဖြစ်နိုင်ကြောင်း၊ ပြောင်းထုတ်လုပ်နေသောဘရားဇီးလ်နှင့် ဂျုံထုတ်လုပ်နေသော ပြင်သစ်ရှိ လယ်သမားများသည်လည်း လာမည့်စိုက်ပျိုးရာသီတွင် ဓါတ်မြေသြဇာလုံလောက်စွာမရရှိနိုင်မည်ကို စိုးရိမ်နေကြောင်း၊ ဗီယက်နမ်နိုင်ငံအပင် ထုတ်လုပ်ရေးဌာနက လယ်သမားများအား စပါးစိုက်ပျိုးမှုတွင်ဓါတ်မြေသြဇာအသုံးပြုမှုထက်ဝက် လျော့ချရန်တွန်းအားပေးနေမှုကြောင့် စပါးအထွက်နှုန်းလျော့နည်းကာသီးနှံ ဈေးနှုန်းမြင့်တက်လာနိုင်ကြောင်း၊ လာမည့် ၆ လအတွင်းစက်သုံးဆီနှင့် သဘာဝဂက်စ် ဈေးနှုန်းများလျော့ကျမည့်အရိပ်အရောင်မရှိခြင်းတို့ကြောင့် ဓါတ်မြေသြဇာဈေးနှုန်းကျဆင်းရေးသည်ခန့်မှန်းရန်ခက်ခဲနေသေးကြောင်း၊ နိုင်ငံများအနေဖြင့်ကိုဗစ်ရောဂါဖြစ်ပွားခြင်းကြောင့် စီးပွားရေးထိခိုက်မှုမှပြန်လည် ကောင်းမွန်လာစေရန်ကြိုးစားနေရသည့် အတွက် စွမ်းအင်လိုအပ်ချက်မြင့်တက်နေဦးမည်ဖြစ်ကြောင်း၊ ထို့အတူ ဓါတ်မြေသြဇာဈေးနှုန်း ဆက်လက်မြင့်တက်နေမှုသည် အနာဂတ် စားသောက်ကုန်ဈေးနှုန်းများမြင့်တက်လာနိုင်ရန်တွန်းအားပေးနေမည်ဖြစ်ကြောင်းသိရှိရပါသည်။

Source: http://www.amis-outlook.org/news/detail/en/c/1155272/

(စီးပွားရေးသံမှူး- တောင်အာဖရိက)

### သတင်းများ

| | | |
|---|---|---|
| China (Nanning) | – | ၆ |
| India | – | ၄ |
| Australia | – | ၃ |
| Korea | – | ၂ |
| South Africa | – | ၂ |
| Brazil | – | ၂ |
| China (Hong Kong) | – | ၂ |
| Belgium | – | ၂ |
| Japan | – | ၁ |
| Germany | – | ၁ |
| Thailand | – | ၁ |
| USA | – | ၁ |